# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၄ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၈၂)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး






နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ လေယာဉ်စက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းမြို့ရှိ လေယာဉ်စက်ရုံနှင့် ရေနက်ဆိပ်ကမ်းတို့ကို လေ့လာ

နေပြည်တော် ဇူလိုင် ၁၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ရက်တွင် ရှန်ဟိုင်းမြို့ရှိ လေယာဉ်စက်ရုံနှင့် ရေနက်ဆိပ်ကမ်းတို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။**

## ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ရှိ Commercial Aircraft Corporation of China Ltd. သို့ ရောက်ရှိကြရာ ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှိကျန်ကျုံးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၁)အား ဒုတိယအင်ဂျင်နီယာချုပ် မစ္စတာ ကျောက်ခေးလျန်က ကုမ္ပဏီမှထုတ်လုပ်သည့် ARJ21-700 လေယာဉ်၏ အရည်အသွေးစစ်ဆေးသည့်ဌာန၊ စမ်းသပ်ပျံသန်းမောင်းနှင်မှုကိရိယာ (Simulator) နှင့် ယင်းကုမ္ပဏီမှ ယခင်ထုတ်လုပ်ခဲ့သည့် Y-10 လေယာဉ်နှင့် နောက်ဆုံးထုတ်လုပ်ပြီးဖြစ်သည့် ARJ-21-700 လေယာဉ်သစ်တို့ကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ရှန်ဟိုင်းမြို့ ရေနက်ဆိပ်ကမ်းဖြစ်သည့် Yangshan Deepwater Seaport သို့ ရောက်ရှိကြရာ အမှုဆောင်အရာရှိချုပ် မစ္စတာ ကျိုးရဖျင်က ကြိုဆိုနှုတ်ဆက်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၂* *




ရှန်ဟိုင်းမြို့ရှိ ရေနက်ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချဆောင်ရွက်နေမှုများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇူလိုင် ၁၄ ရက်)

# ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ် တိုးတက်ခိုင်မြဲ အနာဂတ်ကာလ နှစ်နိုင်ငံအကျိုးစီးပွား ပူးပေါင်းဆောင်ရွက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန့်အား ဇူလိုင်လ ၆ရက်နေ့က အစိုးရအဖွဲ့ရုံး ကျုံးနန်ဟိုင်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ခဲ့ကြစဉ်က ချုပ်ဆိုခဲ့ကြသော စာချုပ်ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် ကိစ္စရပ်များအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရေး၊ ထပ်မံဆောင်ရွက်ရမည့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံသံတမန်ထူထောင်ခဲ့သည့် နှစ်ပေါင်း ၆၀အတွင်း နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုရလဒ်များ၊ နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများသည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအဆင့်သစ်သို့ ရောက်ရှိမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ရေအားလျှပ်စစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန့်ချွင်းနှင့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအတွင်းရှိ ဝမ်လျှိုထန်း ခန်းမဆောင်၌ ဇူလိုင်လ ၅ ရက်နေ့က တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားစွာဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်ကို ခိုင်မြဲတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၌ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ စသည့်ကဏ္ဍစုံ၌ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု ထူထောင်ခဲ့ကြသည့် နှစ်ပေါင်း ၆၀ အတွင်း နှစ်နိုင်ငံဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်သာမက နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ရပ်တည်အထောက်အကူပြုမှုများနှင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းလာစေရေးအတွက် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နေပြည်တော်မြန်မာ့အသံ
## ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)
၁၅-၇-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (အင်္ဂုလိမာလသုတ်+ဇောဗျူဂ်သုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (သရဏဂုံ)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (မို့မို့)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ **သမုဒ္ဒရာရေနက်ထဲသို့ ပျံသန်းခြင်း**
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ကြည်မြသည့်ဂီတ ပီသသည့်အသံ အံဝင်သည့်စာသား)
၁၂း၃၀ Music Talk တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (ကလေးတွေ ကြောက်အောင် မခြောက်ပါနှင့်) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ **ချစ်ခြင်း၏ ပဉ္စလက်** (ပထမပိုင်း)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း **(တသိမ့်သိမ့်)**
၁၈း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (ထလော့မြန်မာ)
၁၉း၄၀ ရေဒီယိုအတိုတိုတေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (သရုပ်ဆောင် ညီနန္ဒနဲ့ ဇနီး နန်းထိုက်အောင်)
၂၀း၅၀ တေးသံစုံ (စန္ဒရားမြင့်သိန်းအဖွဲ့) စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး (မိသားစုအတွက် ပျော်ရွှင်မှု ဖန်တီးရေး)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။



## ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်း သားသမီးများအား ပညာရည်ထူးချွန်ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ဘက်စုံခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက် အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

### ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဝန်ကြီး ဦးခင်အောင်မြင့်က အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းများ၏သားသမီးများဖြစ်ကြသည့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ပညာရည်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြောက်ဥက္ကလာပမြို့နယ်၌ ကော်မရှင်အဖွဲ့ခွဲရုံးဖွင့်

ရန်ကုန် ဇူလိုင် ၁၃

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို ဇူလိုင် ၁၁ရက်က ရပ်ကွက်ရုံးရှေ့၌ ကျင်းပသည်။ **(အောက်ပုံ)**

### ဖွင့်လှစ်

အခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး (၄)ရပ်ကွက် အမျိုးသမီးရေးရာတာဝန်ခံ ဒေါ်တင်လှနှင့် ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းတို့က ကော်မရှင်အဖွဲ့ခွဲ ဆိုင်းဘုတ်ကို ရွှေဖဲကြိုးများဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတက်ဖြိုးတို့က ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲ ဆိုင်းဘုတ်ကို အောင်သပြေပန်းများဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။ **(၁၁၈)**



## အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

၂၀၁၀ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ အသင်းလိုက်နှင့်တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို ဇူလိုင် ၉ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် (Boss Ball Pen) မှ မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်ဦး Beauty World Co.,Ltd. က ငွေကျပ် ၁၅သိန်း၊ အထွေထွေမန်နေဂျာ ဦးသန်းညွန့် MRT Co., Ltd.က ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်း စစ်တုရင် ကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က ငွေကျပ်ငါးသိန်း၊ ဦးဝင်းအောင်(MGW) ဆောက်လုပ်ရေးက ငွေကျပ်ငါးသိန်း၊ ရွှေနီဦးဆောက်လုပ်ရေး မန်နေဂျင်း ဒါရိုက်တာ ဦးလှထွန်းဦးက ငွေကျပ် နှစ်သိန်း ပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံသည်။

ဆက်လက်၍ ဆုရရှိသူများအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် နာယက ဒေါ်ခင်ဆွေမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဆုများချီးမြှင့်ကြသည်။

### ဆုရရှိ

ပြိုင်ပွဲတွင် အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲ၌ ပထမနောင်ရိုးစစ်တုရင်အသင်း၊ ဒုတိယ Beauty World Chess Club၊ တတိယ Brothers Chess Club၊ (ခ) အဆင့် အသင်းလိုက်ပြိုင်ပွဲ၌ ပထမ Senior Chess Club၊ ဒုတိယ Unique Chess Club၊ တတိယ Country Chess Club ၊ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဝင်းဇော်ထွန်း (နောင်ရိုး)၊ ဒုတိယ မြင့်ဟန် (နောင်ရိုး)၊ တတိယ ကျော်ကျော်စိုး (Beauty World)တို့ ဆုများရရှိကြကြောင်း သိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**



**ဇူလိုင် ၇ရက်က စစ်တွေမြို့ မြို့ဝင်မုခ်ဦး၌ မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နှင်းနှင်းရီနှင့်အဖွဲ့ ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)

# အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တာ့လျန်မြို့တော်ဝန် မစ္စတာလီဝမ်ဆိုက် လာရောက်တွေ့ဆုံဂါရဝပြု စီးပွားရေး၊ ယဉ်ကျေးမှု၊ အားကစားကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**လာရောက်တွေ့ဆုံ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား လျောင်နင်ပြည်နယ် တာ့လျန်မြို့တော်ဝန် မစ္စတာလီဝမ်ဆိုက် တာ့လျန်ဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား လျောင်နင်ပြည်နယ် တာ့လျန်မြို့တော်ဝန် မစ္စတာလီဝမ်ဆိုက်သည် ဇူလိုင် ၇ရက် ညနေ ၃နာရီတွင် တာ့လျန်ဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် စီးပွားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အားကစားကဏ္ဍနှင့် ရထားပို့ဆောင်ရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး- တေးရေး မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၅ ၇။ စပါးကရွှေ ငါးကငွေ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၅ ၉။ ဝန်းကျင်တစ်ခွင် ကောင်းကျိုးပေး တီစွန့်ပစ်မြေဆွေး (အပိုင်း-၁)
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ အကပြိုင်ပွဲ
- ၅:၀၅ ၇။ သီချင်းကြီးပဒေသာ
- ၅:၁၅ ၈။ သဘာဝပတ်ဝန်းကျင် ထိန်းလိုလျှင် သုံးစွဲစေလို **စွန့်ပစ်အမှိုက်သုံးမီးဖို**
- ၅:၂၀ ၉။ တေးဂီတအစီအစဉ်
- ၅:၄၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၃၀ ၁၄။ မွန်ပြည်နယ်တစ်ဝန်း ရွှေဖြူလွှမ်း
- ၆:၄၅ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၁၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၄၅ ၁၇။ အလက်ဇန္ဒြီးယားကျော်စွာမြို့မင်ငြိမ်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ် (အပိုင်း-၄)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံတော်အတွက် ထာဝရအလှများ (စောမင်းနောင်နှင့်အဖွဲ့၊ တေးရေး-စန္ဒရားကွန်းဇော်)
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၅၉)
- ၂၃။ မြန်မာဗီဒီယိုဇာတ်လမ်း **နှောင်ကြိုးဖွဲ့ဒဏ္ဍာရီ** ခန့်စည်သူ၊ ရဲအောင်၊ နန္ဒာလှိုင် (ဒါရိုက်တာ-အောင်ဩဘာ)

# မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (ရန်ကုန်)ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၁၃

*မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း(ရန်ကုန်) အမှုဆောင် ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိ နားလည်ထားရန်လိုအပ်သော MFRS for SMEs (Part-VII) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။*

***စာရင်းပေးသွင်းနိုင်***

*ဟောပြောပွဲတက်ရောက်သူသည် CPE နာရီ အတွက် ထောက်ခံချက်ရရှိမည် ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန်အတွက် ဇူလိုင် ၂၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ် (ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။* **(မြန်မာ့အလင်း)**

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်တုံးပြည်နယ် ချင်းတောင်မြို့တော်ဝန် မစ္စတာရှကန်း **Intercontinental Qingdao Hotel** ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



# အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ချင်းတောင်မြို့တော်ဝန် လာရောက်တွေ့ဆုံဂါရဝပြု ကုန်သွယ်ရေးနှင့် စက်မှုကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်တုံးပြည်နယ် ချင်းတောင်မြို့တော်ဝန် မစ္စတာရှကန်းသည် ဇူလိုင် ၈ရက် ညနေ ၆နာရီတွင် Intercontinental Qingdao Hotel ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့အတူ ချင်းတောင်မြို့တော်ဝန် မစ္စတာရှကန်းနှင့်အတူ ဒုတိယမြို့တော်ဝန် Ms. Zhang Hai နှင့် ချင်းတောင်မြို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် အားကစားကဏ္ဍများအပါအဝင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အတွင်းရေးမှူး(၁)နှင့် ချင်းတောင်မြို့တော်ဝန်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

## ဆော်ဒီအာရေဗျ ရေနံများ ဥရောပနိုင်ငံအချို့သို့ ခိုးယူရောင်းချ

ရီယာ့ဒ် ဇူလိုင် ၁၃

ဈေးပေါသည့် ဆော်ဒီအာရေဗျ ရေနံများကို ဥရောပသို့ ၁၁နှစ်ကျော်ကြာ ခိုးယူရောင်းချနေမှုကို ဆော်ဒီအာရေဗျအစိုးရက စုံစမ်း စစ်ဆေးနေသည်ဟု အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။

**ဖော်ပြခြင်းမရှိ**

ပြည်တွင်း၌ ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ရန် လျှော့ဈေးဖြင့်ရရှိသည့် ရေနံကို ဥရောပအချို့နိုင်ငံသို့ တရားမဝင် ထုတ်ရောင်းသည့် ကုမ္ပဏီများရှိကြောင်း အိုကက်သတင်းစာတွင် ဇူလိုင် ၁၀ရက်က ရေးသားထားသော်လည်း လက်ခံသည့် ပြည်ပနိုင်ငံများနှင့် ပတ်သက်၍ အမည် တပ်ပြီး အသေးစိတ် ဖော်ပြခြင်းမရှိဟု သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ရုရှားနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ရေနံအများဆုံး ထုတ်သည့်နိုင်ငံဖြစ်သည်။ **(အင်တာနက်)**



## နွေရာသီ ရေပြတ်လပ်မှု မရှိစေရေး ရေလှောင်ကန် ၁၈၀၀ တရုတ်တည်ဆောက်မည်

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ နွေရာသီ ပူပြင်းခြောက်သွေ့သောရာသီတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရန်အတွက် ရေလှောင်ကန်များ တည်ဆောက်ထားသည်ကို ဇူလိုင် ၁၂ရက်က တွေ့ရစဉ်။** (တရုတ်နိုင်ငံက ပူပြင်းခြောက်သွေ့သောရာသီတွင် ရေအခက်အခဲမရှိစေရေးအတွက် ရေလှောင်ကန် ၁၈၀၀ကျော် တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**



## မနီလာ၌ မီးလောင် အိမ်ခြေ ၂၀၀ မီးဘေးသင့်

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ နာဗိုတက်စ်အရပ်၌ မီးလောင်မှုဖြစ်ပွားရာ အပျက်အစီးများကို ဇူလိုင် ၁၃ရက်က တွေ့ရစဉ်။** (ယင်းမီးလောင်မှုကြောင့် အိမ်ခြေ အလုံး ၂၀၀ကျော် မီးဘေးသင့်ခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

## အာဖဂန်တောင်ပိုင်း၌ မော်တော်ဆိုင်ကယ် ဗုံးပေါက်ကွဲ အရပ်သား ၂၃ဦး ဒဏ်ရာရ

လက်ရှကာဂါး ဇူလိုင် ၁၃

အာဖဂန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်ပြည်နယ်ဈေးတစ်ခုတွင် မော်တော်ဆိုင်ကယ် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အရပ်သား ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ် ပြောရေးဆိုခွင့်ရှိသူ ဒါဘတ်အမာဒီက ဇူလိုင် ၁၂ရက်တွင် ပြောကြားသည်။

**ပြုလုပ်**

အဆိုပါ ပေါက်ကွဲမှုမှာ ဂါမာဇာခရိုင်ဈေးအတွင်း ဇူလိုင် ၁၁ ရက် နံနက်စောစောက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူ အရပ်သား ၂၃ဦးမှာ ဈေးဆိုင်ပိုင်ရှင်များဖြစ်ကြောင်း အမာဒီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဗုံးဖောက်ခွဲသူများမှာ တာလီဘန် အကြမ်းဖက် သမားများဖြစ်မည်ဟု ယူဆခဲ့သော်လည်း ၎င်းအမှုကို ယခုတိုင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ယူဂန္ဒာမြို့တော်၌ ဗုံးနှစ်လုံးပေါက်ကွဲ ၇၄ဦး သေဆုံး

ကမ်ပါလာ ဇူလိုင် ၁၃

ယူဂန္ဒာနိုင်ငံ မြို့တော်ကမ်ပါလာ၌ ဇူလိုင် ၁၁ရက် ညပိုင်းက ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကြည့်ရှုနေသော ပရိသတ်များကို ပစ်မှတ်ထားလျက် ဗုံးနှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ၇၄ဦးသေဆုံးသွားကြောင်း ဆိုမာလီအစ္စလမ္မစ်အဖွဲ့က ဇူလိုင် ၁၂ရက်၌ ပြောကြားသည်။

**ခြိမ်းခြောက်**

ယင်းဗုံးခွဲတိုက်ခိုက်မှုများကို မည်သည့်အဖွဲ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ချက်ချင်း မသိရသေးဟုဆိုသည်။ သို့သော် ဆိုမာလီရှိ ရှာဘတ်စစ်သွေးကြွအဖွဲ့က အနောက်အစိုးရအဖွဲ့ ကျောထောက်နောက်ခံပြုပြီး ငြိမ်းချမ်းရေးတပ်ဖွဲ့များ စေလွှတ်နေခြင်းအပေါ် ယူဂန္ဒာကို တိုက်ထုတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်ဆို၏။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှု နှစ်ရပ်အနက် တစ်ခုမှာ ကမ်ပါလာမြို့ ကာဘာလာဂါလာခရိုင်မှ အီသီယိုးပီးယားကျေးရွာ အမည်ရှိ စားသောက်ဆိုင်တွင်ဖြစ်သည်။ ယင်းစားသောက်ဆိုင်သည် ဘောလုံးကြည့် ပရိသတ်များနှင့် နိုင်ငံခြားသားများ အများဆုံး လာရောက်ရာဆိုင်ဖြစ်သည်။ ဒုတိယ ဗုံးမှာ ပတ္တမြားကလပ်အမည်ရှိ ညကလပ်ဆိုင်ဖြစ်သည်။

**သံသယဖြစ်**

ယင်းတိုက်ခိုက်မှုနှစ်ရပ်နှင့် ပတ်သက်၍ အိုစမာဘင်လာဒင်၏ စစ်သွေးကြွကွန်ရက်နှင့် ဆက်နွယ်နေသော ရှာဘတ်အဖွဲ့ကို ရဲတပ်ဖွဲ့က သံသယဖြစ်မိသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



## ဆက်သွယ်ရေး ဂြိုဟ်တုငါးလုံး အိန္ဒိယ အောင်မြင်စွာလွှတ်တင်

*နယူးဒေလီ ဇူလိုင် ၁၃*

***အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဆာရီဟာရီကိုတာ အာကာသစခန်းမှ ထောက်လှမ်းရေးဂြိုဟ်တု ကာတိုဆက် (၂)ဘီအပါအဝင် ဂြိုဟ်တုငါးလုံးကို ဇူလိုင် ၁၂ရက်က ပစ်လွှတ်ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ကမ္ဘာပတ်လမ်းကြောင်းသို့ အောင်မြင်စွာရောက်ရှိသွားသည်ဟု အိန္ဒိယအာကာသ သုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)က သတင်းထုတ်ပြန်သည်။***

***အမေရိကန်ဒေါ်လာ ၅၂သန်းတန်ဖိုးရှိ ပိုလာဂြိုဟ်တု အာကာသယာဉ် စီ(၁၅)ဖြင့် ကာတိုဆက် (၂)ဘီ ဒုံးပျံသည် အယ်လ်ဂျီးရီးယားမှ အယ်လ်ဆက်၊ ကနေဒါနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ နာနိုဂြိုဟ်တုနှင့် အင်ဂျင်နီယာကောလိပ်မှ ကျောင်းသားခုနစ်ဦး တည်ဆောက်သည့် အိုရှန်တက်ခေါ် အလွန်သေးငယ်သည့် မီကိုဂြိုဟ်တု တို့ကိုသယ်ဆောင်ကာ (အိုင်အက်စ်အာရ်အို)က ယင်းနေ့နံနက် ၉နာရီ ၂၂မိနစ်တွင် လွှတ်တင်ခဲ့သည်။***

*လေ့လာနိုင်*

***ယင်းဂြိုဟ်တုများမှတစ်ဆင့် သစ်တောအနေအထားမြေပုံ၊ သစ်ပင်ခန့်မှန်းခြေပမာဏ၊ ကျေးရွာများ ဖွံ့ဖြိုးမှုစီမံကိန်း၊ ကျေးလက်ဒေသဆက်သွယ်မှု၊ တူးမြောင်း အရှည်၊ ကမ်းရိုးတန်း အနေအထားနှင့် သတ္တုတူးဖော်ရေးအပြင် အခြားသောကဏ္ဍများကို အသေးစိတ် လေ့လာနိုင်မည်ဖြစ်သည်။*** *အမ်အင်န်အေ၊ ဆင်ဟွာ*

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### အစ္စရေးတို့ ပါလက်စတိုင်းခြောက်ဦးကို ဖမ်းဆီး

*အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်းအနောက်ဘက်ကမ်းခြေဒေသရှိ ဟီဘရွန်မြို့မှ ပါလက်စတိုင်း အရပ်သားခြောက်ဦးအား ဖမ်းဆီးသွားခဲ့ကြောင်း ဇူလိုင် ၁၃ရက်၌ ပါလက်စတိုင်းအရာရှိများက သတင်းထုတ်ပြန်သည်။*

### ကမ္ဘောဒီးယား၌ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုပြီးစီး

*ကမ္ဘောဒီးယားနိုင်ငံကမ်းလွန်၌ ကမ္ဘောဒီးယားတပ်ဖွဲ့များနှင့်အတူ နိုင်ငံစုံမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုတစ်ရပ်မှာ ဇူလိုင် ၁၂ရက်က အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားစစ်ဘက်က ဇူလိုင် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။*

### ရေနံဈေးနှုန်းများ အိုပက်ထိန်းချုပ်မည်ဟုဆို

*ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများမတက်စေရန် ထိန်းသိမ်းမည်ဖြစ်ကြောင်း၊ ဇူလိုင် ၁၃ရက်၌ ကမ္ဘာ့ဈေးကွက်တွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ဒသမ ၆၁ဒေါ်လာအထိသာရှိနေကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) အရာရှိများက ပြောကြားသည်။*

### ပါကစ္စတန်နှင့်အိန္ဒိယ ငြိမ်းချမ်းရေး ဆွေးနွေးမည်

*ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံတို့ ငြိမ်းချမ်းရေးကိစ္စရပ်များဆွေးနွေးရန်အတွက် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်နာသည် ပါကစ္စတန်နိုင်ငံသို့ ဇူလိုင် ၁၅ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ဇူလိုင် ၁၃ရက်၌ ပြောကြားသည်။*

### ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်း ပြန်တက်

*ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်းများ ပြန်တက်လျက်ရှိရာ ဂျပန်နိုင်ငံ တိုကျိုငွေကြေးဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်း ၈၈ယန်းအထိဖြစ်ခဲ့ကြောင်း ဂျပန်ငွေကြေးအရာရှိများက ဇူလိုင် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။*

### အင်ဒိုနီးရှား ကမ်းလွန်ရေအောက်၌ မီးတောင်တွေ့

*အင်ဒိုနီးရှားကမ်းလွန် ရေအောက်ပေ ၁၀၀၀၀ခန့် ကြမ်းပြင်တွင် ရေအောက် မီးတောင်တစ်လုံးကို သုတေသနပညာရှင်များက ဇူလိုင် ၁၃ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဆက်လက်လေ့လာမှုများ ပြုလုပ်နေကြောင်း အင်ဒိုနီးရှားသုတေသနပညာရှင်များက ပြောကြားသည်။* ***(အောက်ပုံ)***



### ချီလီမြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

*ချီလီနိုင်ငံမြောက်ပိုင်း ကမ်းလွန်တွင် ဇူလိုင် ၁၃ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၂ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ငလျင်လှုပ်မှုကြောင့် ကာလာမာမြို့တွင် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့ကြောင်း၊ ထိခိုက်သေဆုံးမှုမရှိကြောင်း ချီလီအရာရှိများက ပြောကြားသည်။*

### ဂိုလန်ကုန်းမြင့်ဒေသ၌ ဆီးရီးယားသုံးဦး အဖမ်းခံရ

*ဆီးရီးယားနိုင်ငံ ဂိုလန်ကုန်းမြင့်ဒေသတွင် အစ္စရေးတပ်ဖွဲ့ဝင်များက ဆီးရီးယားအရပ်သားသုံးဦးကို ဇူလိုင် ၁၃ရက်က ဖမ်းဆီးသွားကြောင်း ဆီးရီးယားအရာရှိများက ပြောကြားသည်။*

### အမေရိကန် နယူးမက္ကဆီကိုပြည်နယ်၌ ပစ်ခတ်မှုဖြစ်ပွား

*အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အယ်လ်ဘူကွာကွီမြို့ အရှေ့တောင်ပိုင်း၌ ဇူလိုင် ၁၃ရက် နံနက်က သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် အရပ်သား သုံးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း နယူးမက္ကဆီကိုပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ။* *(အင်တာနက်)*

14-7 (04).pmd 1 7/14/2010, 2:03 AM

# ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး ဖွင့်ပွဲကျင်းပ

# တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ရုံးသစ်ဆိုင်းဘုတ်ဖွင့်လှစ်ပေး

နေပြည်တော် ဇူလိုင် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးသစ် ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၃၀ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ အဆိုပါရုံးသစ် အဆောက်အအုံ ရှေ့၌ ကျင်းပရာ အစီအစဉ်အရ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ရုံးသစ် အဆောက်အအုံ တည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဖဲကြိုးဖြတ်ဖွင့်

ဆက်လက်၍ ဆောက်လုပ်ရေးတာဝန်ခံမှ ရုံးသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်ပြီး တာဝန်ရှိသူများက ရုံးသစ်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်-၂၀၀) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် သံဃာ့ဆေးရုံဆောက်လုပ်သည့်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတကာ အစားအစာချက်ပြုတ်နည်း သင်ယူလိုသူများအတွက် သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက်ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ် ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ် အသစ်ကို ဇူလိုင် တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

### အခမဲ့ကူညီ

Institute of Hospitality (UK) နှင့် Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Courseနှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဇူလိုင် တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy၊ တိုက်၂၆၇အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀-၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



## ဝန်ကြီး ဦးဌေးဦးအား FAO ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Shin Imai သည် ဇူလိုင်၁၂ရက် ညနေ၄နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် UNDP နှင့် FAO တို့ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

## မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၃

မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ (၆/၂၀၁၀) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင်၉ရက် နံနက် ၁၀နာရီခွဲက မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် မဲရုံနေရာများ သတ်မှတ်ရွေးချယ်မှုစိစစ်ခြင်း၊မဲစာရင်းများအတည်ပြုခြင်း၊မဲစာရင်းပြုစု ဆောင်ရွက်ထားရှိခြင်းနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ သင်တန်းပေးမည့် အခြေအနေများအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ) (သတင်းစဉ်)



လမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် လမိုင်းဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ဇူလိုင် ၉ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးသိန်းသန်းစိုးက လက်တွေ့ပြသစဉ်။ (မြို့နယ်စည်ပင်)



## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ် အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ် ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

## မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇူလိုင် ၁၃

### သွားဘက်ဆိုင်ရာဆရာဝန်အသင်း နှစ်လယ်စည်းဝေးမည်

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ ၂၀၁၀ခုနှစ်အတွက် နှစ်လယ်ခြောက်လပတ် အစည်းအဝေးကို ဇူလိုင် ၂၄ရက်နှင့် ၂၅ရက်တွင် အသင်းခန်းမတည်ရှိရာ သွပ်ဝိုင်းကြီးရပ်ကွက် သံသုမာလမ်း၌ ကျင်းပမည်ဖြစ်ရာ နယ်အသင်းခွဲ ကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ အားကစားပြိုင်ပွဲများကျင်းပပေးခြင်း၊ ဆေးပြခန်းများ၊ အိုင်တီပြခန်းများ ပြသမည်ဖြစ်ရာ မည်သူမဆို ကြည့်ရှုလေ့လာနိုင်သည်။

### ပရိဘောဂများ ထုတ်လုပ်ခြင်း သင်တန်းတက်ရောက်နိုင်

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနှင့် CVT တို့ ပူးပေါင်းဖွင့်လှစ်မည့် ရွှေ့ပြောင်းကိုင်တွယ်နိုင်သော လျှပ်စစ်အားသုံးကိရိယာများ အသုံးပြု၍ ပရိဘောဂများထုတ်လုပ်ခြင်း အခြေခံသင်တန်းကို ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၆)ရပ်ကွက် ပင်လုံလမ်း အမှတ် ၆၇၄ရှိ သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဌာန၌ ဩဂုတ် ၂ရက်မှ ၁၃ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက ဖုန်း- ၅၈၁၃၇၀နှင့် ၂၁၄၈၃၈တို့သို့ ဆက်သွယ်နိုင်သည်။

### ပခုက္ကူအသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ပခုက္ကူအသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ရက်(စနေနေ့)နံနက် ၉နာရီတွင် ရွှေတိဂုံစေတီမြောက်ဘက်မုခ်ရှိ ပခုက္ကူမွေ့ရာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန်နှင့် ဖုန်း- ၇၂၀၂၀၂နှင့် ၃၈၃၅၁၁ တို့သို့ ဆက်သွယ်နိုင်သည်။

### ရုပ်သံဖန်တီးထုတ်လုပ်မှု သင်တန်းတက်ရောက်နိုင်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)က ရုပ်သံဖန်တီး ထုတ်လုပ်မှု သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောင်(၁) သင်တန်းခန်းမ၌ ဇူလိုင် ၂၀ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ အသေးစိတ်သိရှိလိုပါက ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။

### ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၆)ရပ်ကွက် ဘိုကလေးဈေးလမ်း အမှတ် ၂၈/၃၂ရှိ အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

### မင်းတပ်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

မင်းတပ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ထူးချွန်ဆုပေးပွဲတို့ကို ဇူလိုင် ၁၇ရက်(စနေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၂)ရပ်ကွက် စက်မှုရိပ်သာအနောက် မွေ့ရာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ရန် နှိုးဆော်ထားသည်။

### အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ကျင်းပမည်

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇူလိုင် ၂၄ရက်မှ၂၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရာပုံစံအရောင်းပြခန်းများ၊ ဆောက်လုပ်ရေးသုံးနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုးတို့ကို စုံလင်စွာ ပြသရောင်းချမည်ဖြစ်သည်။

### ရမ်းပြဲအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရမ်းပြဲအသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်မွေ့ရာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

### အခြေခံစိုက်ပျိုးနည်းပညာပေး သင်တန်းများ တက်ရောက်နိုင်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေပဒေသာဥယျာဉ်(ပညာပေးဌာန)တွင် အခြေခံစိုက်ပျိုးနည်းပညာပေး ရက်တိုသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ရာ ဇူလိုင် ၁၃ရက်တွင် သစ်ခွစိုက်ပျိုးနည်းသင်တန်း၊ ဇူလိုင် ၂၀ရက်တွင် သစ်သီးဝလံနှင့် ကိုင်းကူး ကိုင်းဆက် စိုက်ပျိုးနည်းသင်တန်းနှင့် ဇူလိုင် ၂၇ရက်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်းသင်တန်းများ စတင်ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုပါက မြေပဒေသာဥယျာဉ် ဖုန်း-၅၄၉၇၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ- ဝင်းကျော်

မီးဘေးရှောင် မလောင်ခင်တား



# ဒေါပုံနှင့် ကမာရွတ်မြို့နယ်တို့၌ ကွန်ကရစ်လမ်းခင်းနေမှု မြို့တော်ဝန်ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒေါပုံမြို့နယ် ယမုံနာလမ်းနှင့် အောင်မေတ္တာ လမ်းဆုံအနီး ယမုံနာလမ်းကို စက်အား၊ လူအားတို့ဖြင့် ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာခင်းနေမှု၊ ကမာရွတ်မြို့နယ် ခိုင်ရွှေဝါ(ဗဟို)လမ်းကို ကွန်ကရစ်လမ်းချောခင်းကျင်းပြီးစီးမှု၊ ရေနုတ်မြောင်းများ ပြုလုပ်ထားမှုနှင့် ကွန်ကရစ်လမ်းချော ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

# စာကြည့်တိုက် အဆောက်အအုံသစ် တွံတေးမြို့နယ်၌ဖွင့်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အရိုးတောင်ကျေးရွာအုပ်စု ဓနောတိကျေးရွာ ပညာဘဏ်-၃ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၂ရက် နံနက်၉နာရီက အဆိုပါစာကြည့်တိုက် ရှေ့၌ကျင်းပရာ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ အရိုးတောင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**



**ဆွေးနွေး**

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးတို့က စံ(၅)ရပ်နှင့်ညီပြီး စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကျေးရွာစာကြည့်တိုက် အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ ရသစာအုပ်၊ စာစောင်များနှင့် ကျေးရွာရပ်မိရပ်ဖ ဦးကျော်ကျော်က စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံး ပေးအပ်လှူဒါန်းသည်။ စာကြည့်တိုက်မှာ အုတ်ကာ၊ သွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၄၅သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချီ

ရန်ကုန် ဇူလိုင် ၁၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၂၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် ရထားလမ်း စတင်ဖောက်လုပ်ပြီ၊ မြန်မာအစ မြန်မာကဖြစ်ကြောင်း သက်သေပြရန် မြန်မာနှင့် နိုင်ငံတကာရှေးဟောင်းသုတေသနပညာရှင်များ ပူးပေါင်းဆောင်ရွက်၊ ကော့မှူးမြို့နယ်အတွင်း လေဆင်နှာမောင်းကြောင့် လူ ၂၃၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်၊ ရန်ကုန်တိုင်းအတွင်းရှိ လမ်းနှင့်တံတားများကို ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် နှစ် ၄၀ကြာ လွှဲပြောင်း၊ ဟင်္သာတမြို့နယ် ဒူးယားစံပြကျေးရွာသို့ တောဆင်ရိုင်းများ ဝင်ရောက်၊ နိုင်ငံတကာမှ နှစ်သက်ရာပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့်မှာယူနိုင်မည်၊ ပြည်ပရောက်မြန်မာများ အွန်လိုင်းမှတစ်ဆင့်ထီထိုးနိုင်ပြီ၊ ကျပ်နှစ်သိန်းတန်ဖုန်းများ ချထားပေးမည်ဆိုသည့်သတင်း မမှန်ကန်၊ မီးသင့်မင်္ဂလာဈေးဆိုင်ခန်း ပိုင်ရှင်များ ရန်ကုန်စည်ပင်ဘဏ်မှ ငွေချေးရန် ကျပ်သိန်း ၁၂၀၀၀ကျော်ရှိ၊ တစ်နှစ်လျှင် ၂ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ဆိုလာပြားစက်ရုံ စက်တင်ဘာလတွင် လည်ပတ်မည်၊ အသစ်ဖွင့်မည့် ပုဂ္ဂလိကဘဏ်အချို့ Debit ကတ်များ သုံးနိုင်ရန်စီစဉ်၊ အမေရိကန်တွင်ကျင်းပမည့် မြန်မာ့ရုပ်ရှင်ပွဲတော်တွင် မြန်မာရုပ်ရှင်ကားကြီးနှစ်ကား ပြသမည်၊ ပြည်တွင်း၌ကွယ်လွန်သူသင်္ဘောသားများ အာမခံလျော်ကြေး အပြည့်ရရန် ဥပဒေပြင်ဆင်၊ စင်ကာပူယာဉ်မောင်းလိုင်စင် စာမေးပွဲအောင်ရန်အတွက် မြန်မာနိုင်ငံတွင် ပထမဆုံးသင်တန်းဖွင့်မည်၊ ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပွဲ၏ ထူးခြားသော မှတ်တမ်းများ၊ မိုးပုံကားများကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချတော့မည်၊ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို ၂၄နာရီကြာ ပထမဆုံးစမ်းသပ်ပျံသန်း၊ မိုဘိုင်းလ်ဖုန်းအားသွင်းနိုင်သော ဘောလုံးထုတ်လုပ်၊ တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ပန်းကန်ပြားပျံက လေကြောင်းလမ်းကို နှောင့်ယှက်ခဲ့၊ ၁၅နှစ်ကြာ ခြေထောက်များ ရှေ့နောက်ပြောင်းပြန် လိမ်နေသည့် အမျိုးသမီးကို အောင်မြင်စွာခွဲစိတ်ကုသ၊ အီတလီက အကြွေးပြဿနာ ဖြေရှင်းရန် နိုင်ငံပိုင်အဆောက်အအုံ၊ အပန်းဖြေစခန်းနှင့် ကျွန်းများ ၉၀၀၀ခန့်ကို ရောင်းချမည်၊ မော်တော်ယာဉ်တိမ်းမှောက်ပြီး ယူရိုငွေနှစ်သန်း လမ်းပေါ်ပြန့်ကျဲသွား၊ ကမ္ဘာ့အကြီးဆုံး ဖန်လုံအိမ်ကြီးအနီး ကမ္ဘာ့အရှည်ဆုံး ပျော်ပွဲစား စားပွဲတန်းပြုလုပ်၊ ခရစ္စတီယာနိုရိုနယ်ဒို ကလေးအဖေ ဖြစ်လာသော်လည်း အမေမည်သူမှန်းမသိရ၊ စစ်မြေပြင်၌အသုံးပြုရန် သွေးအတုများ ထုတ်လုပ်နိုင်ပြီ၊ သစ်ပင်ပေါ်က ဟိုတယ် ဖွင့်လှစ် စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံ အပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စိုက်ပျိုး

**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ သူရဦးမြင့်သူက ကြီးကြပ်၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) တိုက်ကြီးမြို့နယ်အပိုင်း မိုင်တိုင် (၄၆/၂) ဝန်းကျင် လမ်းဘေး ဝဲ ယာတွင် အဖွဲ့ဝန်ထမ်းများ ဇူလိုင် ၇ရက်က စုပေါင်း၍ အရိပ်ရ လေကာပင်များ စိုက်ပျိုးကြစဉ်။**

(မြို့နယ်စည်ပင်)



## ကွင်းဆင်းစစ်ဆေး

**ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သစ်တောဦးစီးဌာန ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာတွင် ၂၀၁၀-၂၀၁၁ ခုနှစ် အတွင်း လူတစ်ဦး ကျွန်းတစ်ပင် စိုက်ပျိုးပြီးစီးမှုလုပ်ငန်းကို ဇွန် ၁၄ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)



# တိရစ္ဆာန်ဆေးပညာ ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရန် အမည်စာရင်းတင်သွင်းနိုင်

ရန်ကုန် ဇူလိုင် ၁၃

စတုတ္ထအကြိမ် တိရစ္ဆာန်ဆေးပညာကောင်စီကို ကောင်စီဝင် ၁၅ဦးဖြင့် ဖွဲ့စည်းရန် တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေ၊ နည်းဥပဒေများအရ ကောင်စီဝင်ခုနစ်ဦး ရွေးချယ်တင်မြှောက်ရာ၌ ရွေးချယ်တင်မြှောက်ခံရန်ဆန္ဒရှိသော မှတ်ပုံဝင်တိရစ္ဆာန်ဆေးကု ဆရာဝန်များသည် နည်းဥပဒေ ၆ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက အမည်စာရင်း တင်သွင်းနိုင်ရန် အမည်စာရင်းတင်သွင်းလွှာပုံစံ(၂)ကို မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီရုံးနှင့် ပြည်နယ်၊ တိုင်း တိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့တွင် ဇူလိုင် ၁၂ရက်မှ ၁၆ရက်အထိ ရုံးချိန်အတွင်းရယူနိုင်ပြီး ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာ ကောင်စီရုံးသို့ ဩဂုတ် ၆ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ဖုန်း-၆၄၄၃၀၅၊ ၆၄၄၃၀၈တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဗဟန်းမြို့နယ်၌ဖွင့်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော ဗဟန်းမြို့နယ် ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ရက် နံနက် ၁၀နာရီက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲဝင် ဦးမြင့်ဆွေ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မိုးမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး**(အောက်ပုံ)** ဗဟန်းမြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းနိုင်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သင်တန်းတွင် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းတာဝန်များကို အသေးစိတ် ရှင်းလင်းဆွေးနွေး ပို့ချသည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက် ကော်မရှင် အဖွဲ့ခွဲဝင်အင်အား ၁၃၈ဦး တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့ )

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အချိန်ရှိခိုက် လုံ့လစိုက်** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၆)
- ၈:၃၀ Sports World
- ၈:၅၅ Industrial Talk [ကိုကို (စက်မှုတက္ကသိုလ်)၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
- ၉:၂၀ အုတ်မြစ်အခြေခံ ခိုင်ခံ့စေရန်
- ၉:၄၀ အားကစားမြင်ကွင်းစုံ
- ၁၀:၃၀ Activities in the City
  - ကမ္ဘာ့အရပ်ပုဆုံးလူသားအဖြစ် ခန့်မှန်းခြေရှိသူ လူသားအား မိတ်ဆက်တင်ပြခြင်း
  - စိန်နှင့်မြမွေ့ရာ ပရိဘောဂဆိုင်သစ်ဖွင့်ပွဲ
- ၁၀:၅၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အိဖြိုးချယ်ရီ)
- ၁၁:၁၅ နည်းပညာသစ်ဆန်း MSP အစွမ်း
- ၁၁:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Hawaii Education ၏ Promotional Celebration)
- ၁၁:၅၅ Say it in English
- ၁၂:၁၀ ဗီဒီယိုပြခန်း
- ၁၂:၂၅ **အလျော်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၂:၄၀ အမျိုးသားရိုးရာ တိုင်းရင်းဆေးနည်းပညာ
- ၁:၀၀ **အချိန်ရှိခိုက် လုံ့လစိုက်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း Selection (အပိုင်း-၂)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၆)
- ၄:၀၅ Activities in the City
  - ကမ္ဘာ့အရပ်ပုဆုံးလူသားအဖြစ် ခန့်မှန်းခြေရှိသူ လူသားအား မိတ်ဆက်တင်ပြခြင်း
  - စိန်နှင့်မြမွေ့ရာ ပရိဘောဂဆိုင်သစ်ဖွင့်ပွဲ
- ၄:၂၅ ဖြစ်ထွန်းအောင်မြင်.... စိုက်ပျိုးဥယျာဉ် (သရက်)
- ၄:၅၅ အဆင့်မြင့်ပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အငယ်တန်း ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ
- ၅:၁၅ အုတ်မြစ်အခြေခံ ခိုင်ခံ့စေရန်
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အိဖြိုးချယ်ရီ)
- ၆:၄၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Chocolate Heaven)
- ၇:၀၀ ဗီဒီယိုပြခန်း
- ၇:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Hawaii Education ၏ Promotional Celebration)
- ၇:၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဗစ်တာခင်ညို)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း Selection (အပိုင်း-၂)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၄၆)
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ အဆင့်မြင့်ပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အငယ်တန်းကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ
- ၁၀:၃၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Chocolate Heaven)
- ၁၀:၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဗစ်တာခင်ညို)
- ၁၁:၁၀ Industrial Talk
- ၁၁:၄၀ ခြင်္သေ့အန္တရာယ်
- ၁၁:၄၅ ဖြစ်ထွန်းအောင်မြင်.... စိုက်ပျိုးဥယျာဉ် (သရက်)
- ၁၂:၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တာ့လျန် မီးရထားစက်ခေါင်း ထုတ်လုပ်ရေးစက်ရုံ၌ မြေအောက်ရထားတွဲ ဆောက်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

❒ *ကျောဖုံးမှ*

**ကြိုဆိုနှုတ်ဆက်**

အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တာ့လျန်မြို့ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဟန့်ချန်နှင့် တာဝန်ရှိသူများက တာ့လျန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တာ့လျန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက်ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုမည့် တာ့လျန်ဟိုတယ်သို့ ရောက်ရှိကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တာ့လျန်ဟိုတယ်ခန်းမ၌ တာ့လျန်မြို့ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဟန့်ချန်က တာ့လျန်မြို့၏ သမိုင်းကြောင်းနှင့် ဒေသဆိုင်ရာအချက်အလက်များ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တာ့လျန် မီးရထားစက်ခေါင်းထုတ်လုပ်ရေးစက်ရုံသို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ မီးရထားထုတ်လုပ်ရေးကုမ္ပဏီ အမှုဆောင်အရာရှိချုပ် မစ္စတာဆွင်းရှီယွင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မီးရထားစက်ခေါင်းထုတ်လုပ်မှုအခြေအနေနှင့် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**မေးမြန်း**

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အမှုဆောင်အရာရှိချုပ်က စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် ဒီဇယ်အင်ဂျင်နှင့် လျှပ်စစ်အင်ဂျင် စက်ခေါင်းများ ထုတ်လုပ်နေမှုနှင့် မြေအောက်ရထားတွဲ ဆောက်လုပ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မီးရထားစက်ခေါင်းထုတ်လုပ်ရေးစက်ရုံမှ ပြန်လည်ထွက်ခွာကြပြီး တာ့လျန်မြို့ Xinghai Square သို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြကာ မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုသည့် တာ့လျန်ဟိုတယ်သို့ ရောက်ရှိကြသည်။

**ဆွေးနွေး**

အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် ညနေ ၃နာရီတွင် တာ့လျန်ဟိုတယ် ဧည့်ခန်းမဆောင်၌ တာ့လျန် မြို့တော်ဝန် မစ္စတာလီဝမ်ဆိုက်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် တာ့လျန်မြို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးကြပြီး ညနေ ၃နာရီ မိနစ် ၅၀တွင် တာ့လျန်မြို့ Pole Aquarium Museum သို့သွားရောက်ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ရေသတ္တဝါမျိုးစုံ ပြကွက်များကို လိုက်လံရှင်းလင်းပြသကြသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ တာ့လျန် မီးရထားစက်ခေါင်း ထုတ်လုပ်ရေးစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

**ကြည့်ရှုအားပေး**

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် လင်းပိုင်ငါးများ၏ စွမ်းရည်ပြကွက်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် ရှန်တုံးပြည်နယ် ချင်းတောင်မြို့သို့ ဆက်လက်ထွက်ခွာရန် ညနေ ၅နာရီတွင် တာ့လျန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တာ့လျန်မြို့ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟန့်ချန်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် ရှန်တုံးပြည်နယ် ချင်းတောင်မြို့သို့ ညနေ ၆နာရီ ၄၅မိနစ်တွင် ရောက်ရှိကြရာ ချင်းတောင်မြို့ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆွေ့ဝေတုံးနှင့် တာဝန်ရှိသူများက ချင်းတောင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လေဆိပ်မှ ထွက်ခွာလာကြရာ ခေတ္တတည်းခိုမည့် ချင်းတောင်မြို့ Intercontinental Qingdao Hotel သို့ ရောက်ရှိရပ်နားကြသည်။

အတွင်းရေးမှူး(၁)ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ချင်းတောင်မြို့ နိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၈ရက် နံနက် ၉နာရီတွင် ခေတ္တတည်းခိုသည့် Intercontinental Qingdao Hotel မှ ထွက်ခွာလာရာ နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရှန်တုံးပြည်နယ် ဝှမ်တုံးမြို့ စီးပွားရေးဇုန်ရှိ Sailun ကားတာယာစက်ရုံသို့ ရောက်ရှိကြပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား MESNAC Co.,Ltd. ဥက္ကဋ္ဌ မစ္စတာ ယွမ်ကျုံးရှယ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား MESNAC Co., Ltd. ဥက္ကဋ္ဌ မစ္စတာယွမ်ကျုံးရှယ်က Sailun ကားတာယာစက်ရုံ၏ ကားတာယာအမျိုးမျိုး ထုတ်လုပ်မှု၊ အရည်အသွေးစစ်ဆေးမှု၊ တာယာဟောင်းများကို ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြု၍ တာယာအသစ်ထုတ်လုပ်မှုတို့ကို ရှင်းလင်းပြသပြီး အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့သည် MESNAC

## တာယာများထုတ်လုပ်

**ရှန်တုံးပြည်နယ် ဝှမ်တုံးမြို့ စီးပွားရေးဇုန်ရှိ Sailun ကားတာယာစက်ရုံ၌ တာယာများ ထုတ်လုပ်နေစဉ်။** (သတင်းစဉ်)









## လင်းပိုင်ငါးများ

**တာ့လျန်မြို့ Pole Aquarium Museum ရှိ လင်းပိုင်ငါးများ၏ စွမ်းရည်ပြကွက်ကို တွေ့ရစဉ်။** (သတင်းစဉ်)

## ပိုလာဝက်ဝံများ

**တာ့လျန်မြို့ Pole Aquarium Museum ၌ ပြသထားသော ပိုလာဝက်ဝံများကို တွေ့ရစဉ်။** (သတင်းစဉ်)





မြို့သို့ ဆက်လက်ထွက်ခွာရန် ညနေ ၅နာရီတွင် တာ့လျန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တာ့လျန်မြို့ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟန့်ချန်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် ရှန်တုံးပြည်နယ် ချင်းတောင်မြို့သို့ ညနေ ၆နာရီ ၄၅မိနစ်တွင် ရောက်ရှိကြရာ ချင်းတောင်မြို့ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆွေ့ဝေ့တုံးနှင့် တာဝန်ရှိသူများက ချင်းတောင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လေဆိပ်မှ ထွက်ခွာလာကြရာ ခေတ္တတည်းခိုမည့် ချင်းတောင်မြို့ Intercontinental Qingdao Hotel သို့ ရောက်ရှိရပ်နားကြသည်။

အတွင်းရေးမှူး(၁)ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ချင်းတောင်မြို့ နိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၈ရက် နံနက် ၉နာရီတွင် ခေတ္တတည်းခိုသည့် Intercontinental Qingdao Hotel မှ ထွက်ခွာလာရာ နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရှန်တုံးပြည်နယ် ဝှမ်တုံးမြို့ စီးပွားရေးဇုန်ရှိ Sailun ကားတာယာစက်ရုံသို့ ရောက်ရှိကြပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား MESNAC Co.,Ltd. ဥက္ကဋ္ဌ မစ္စတာ ယွမ်ကျုံးရှယ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား MESNAC Co., Ltd. ဥက္ကဋ္ဌ မစ္စတာယွမ်ကျုံးရှယ်က Sailun ကားတာယာစက်ရုံ၏ ကားတာယာအမျိုးမျိုး ထုတ်လုပ်မှု၊ အရည်အသွေးစစ်ဆေးမှု၊ တာယာဟောင်းများကို ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြု၍ တာယာအသစ် ထုတ်လုပ်မှုတို့ကို ရှင်းလင်းပြသပြီး အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့သည် MESNAC Co.,Ltd. ဥက္ကဋ္ဌ မစ္စတာယွမ်ကျုံးရှယ် လိုက်ပါလျက် Sailun မော်တော်ကားစက်ရုံမှ ထွက်ခွာခဲ့ရာ မွန်းလွဲ ၁နာရီတွင် MESNAC Co.,Ltd. သို့ ရောက်ရှိကြသည်။

MESNAC Co.,Ltd. တွင် အဆိုပါကုမ္ပဏီနှင့် သုတေသနလုပ်ငန်းများ တွဲဖက်ဆောင်ရွက်နေသည့် ချင်းတောင်မြို့ သိပ္ပံနှင့် နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ် မစ္စတာ မာလျန်ရှန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သုတေသန အဆောင်အတွင်း MESNAC Co., Ltd. နှင့် ချင်းတောင် သိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့ တွဲဖက်ဆောင်ရွက်နေသည့် ရော်ဘာသုတေသနလုပ်ငန်း အခြေအနေနှင့် မော်တော်ကားတာယာများအား အလိုအလျောက် အရည်အသွေးစစ်ဆေးနိုင်မှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။

### လေ့ကျင့်ပို့ချ

ဆက်လက်၍ အတွင်းရေးမှူး(၁)အား ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများက ကုမ္ပဏီ၏ သမိုင်း၊ ချင်းတောင် သိပ္ပံနှင့် နည်းပညာတက္ကသိုလ်နှင့် တွဲဖက်ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်း၊ မြန်မာနိုင်ငံတွင် တည်ဆောက်မည့် မော်တော်ကားတာယာစက်ရုံနှင့် ၄င်းစက်ရုံဝန်ထမ်းများအား လေ့ကျင့်ပို့ချပေးမည့် သင်တန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ အတွင်းရေးမှူး(၁)က ရော်ဘာနှင့် ပတ်သက်သည့် မြန်မာနိုင်ငံမှ သင်တန်းသားများအား မဟာဘွဲ့၊ ပါရဂူဘွဲ့များ သင်ကြားပေးနိုင်ရေး၊ မြန်မာနိုင်ငံနှင့် စာချုပ်ချုပ်ဆိုခဲ့မှု၊ မော်တော်ကားတာယာစက်ရုံ တည်ထောင်ပြီးနောက် စက်ရုံလည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံဘက်မှ လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်သင်ကြားပေးရေးနှင့် နောက်ဆုံးပေါ် နည်းပညာများ လွှဲပြောင်းနိုင်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ညနေ ၄နာရီ ၁၀မိနစ်တွင် ချင်းတောင်မြို့၌ ၂၀၀၈ ခုနှစ် အိုလံပစ်လှေလှော်ရွက်တိုက်ပြိုင်ပွဲ ကျင်းပခဲ့သည့် Olympic Sailing Center သို့ ရောက်ရှိလေ့လာခဲ့ကြသည်။

### ပို့ဆောင်နှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁)ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့သို့ ဆက်လက်ထွက်ခွာရန် ည ၈နာရီ မိနစ် ၂၀တွင် ချင်းတောင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ချင်းတောင်မြို့ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာဆွေ့ဝေ့တုံးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှဆက်လက်ထွက်ခွာခဲ့ရာ ည ၁၀နာရီ ၃မိနစ်တွင် ရှန်ဟိုင်းမြို့သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ရှန်ဟိုင်းမြို့ မြူနီစီပယ်အစိုးရ ဒုတိယကော်မရှင်နာ မစ္စတာရှန်းကျန့်ကော်နှင့် တာဝန်ရှိသူများက ရှန်ဟိုင်းမြို့ ဟုန်ချောင် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ည ၁၀နာရီ မိနစ် ၅၀တွင် ခေတ္တတည်းခိုမည့် Hong Qiao State Guest Hotel သို့ ရောက်ရှိရပ်နားခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တာ့လျန်မြို့ Pole Aquarium Museum ၌ ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

## Sailun ကားတာယာစက်ရုံ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ Sailun ကားတာယာစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)





## ရေသတ္တဝါမျိုးစုံ

**တာ့လျန်မြို့ Pole Aquarium Museum ၌ ရေသတ္တဝါမျိုးစုံကို ပြသထားစဉ်။** (သတင်းစဉ်)





## တာယာများထုတ်လုပ်

**ရှန်တုံးပြည်နယ် ဝှမ်တုံးမြို့ စီးပွားရေးဇုန်ရှိ Sailun ကားတာယာစက်ရုံ၌ တာယာများ ထုတ်လုပ်နေစဉ်။** (သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်ဟိုင်း ဒုတိယမြို့တော်ဝန် လာရောက်တွေ့ဆုံဂါရဝပြု

နေပြည်တော် ဇူလိုင် ၁၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်ဟိုင်း ဒုတိယမြို့တော်ဝန် မစ္စတာထန်တန်းကျယ်သည် ဇူလိုင်၉ရက် ညနေ ၆နာရီခွဲတွင် Hong Qiao State Guest Hotel ရှိ အမှတ်(၂) ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံဂါရဝပြုသည်။**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှန်ဟိုင်းဒုတိယမြို့တော်ဝန်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပို့ဆောင်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် မဟာဓာတ်အားလိုင်းများ သွယ်တန်းရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား မစ္စတာကျိုးရဖျင်က Yangshan Deepwater Seaport ၏ နောက်ခံသမိုင်း၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ရှန်ဟိုင်းမြူနီစီပယ်အစိုးရ နှင့် China Communication Construction Group တို့ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် တိုးချဲ့ဆောက်လုပ်လျက်ရှိသော ရေနက်ဆိပ်ကမ်း၏ ရှေ့အလားအလာများကို ပုံစံငယ်များဖြင့် ရှင်းလင်းပြသသည်။ ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ရေနက် ဆိပ်ကမ်းရုံး အဆောက်အအုံ၏ အထပ် (၁၁) မှနေ၍ ဆိပ်ကမ်းကုန်တင်ကုန်ချ ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ဆိပ်ကမ်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ထွက်ခွာကြကာ မွန်းလွဲ ၂နာရီခွဲတွင် ခေတ္တတည်းခိုသည့် Hong Qiao State Guest Hotel သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**လာရောက်တွေ့ဆုံ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်ဟိုင်း ဒုတိယမြို့တော်ဝန် မစ္စတာထန်တန်းကျယ် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)



**ရှန်ဟိုင်းမြို့ရှိ Commercial Aircraft Corporation of China Ltd. ကုမ္ပဏီမှ ထုတ်လုပ်သည့် ARJ 21-700 လေယာဉ်တစ်စင်းကို တွေ့ရစဉ်။**

(သတင်းစဉ်)

# စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသီအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byungiae သည် ယနေ့ နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Google Earth နှင့် GIS လက်တွေ့အသုံးချနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

Myanmar Credent Technology သည် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအတွက် လိုအပ်သော နည်းပညာဆိုင်ရာလုပ်ငန်းများကို ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိသည်။

**ဖွင့်လှစ်**

ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော နည်းပညာဆိုင်ရာလုပ်ငန်းများဖြစ်သည့် သတင်းအချက်အလက်မြေပုံစနစ်၊ ဒစ်ဂျစ်တယ် မြေပုံစနစ်၊ မြေတိုင်းပုံထုတ်နှင့် အင်ဂျင်နီယာဒီဇိုင်းလုပ်ငန်း၊ ကောင်းကင်ဓာတ်ပုံနှင့် နည်းပညာလုပ်ငန်းများတွင် မဖြစ်မနေအသုံးချရမည့် Google Earth မှ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများကို မြေပြင်မြေပုံများအဖြစ်သို့ လွယ်ကူစွာ ပြောင်းလဲ အသုံးချနိုင်ရန်အတွက် Myanmar Credent Technologyမှ Google Earth နှင့် GIS လက်တွေ့အသုံးချနည်းသင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူအသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် GIS (Geographic Information Systems) ပထဝီသတင်းအချက်အလက် မြေပုံစနစ် သို့မဟုတ် ကွန်ပျူတာသုံး သတင်းအချက်အလက်မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံများကို သင်ကြားပို့ချသွားမည်။ ESRIကုမ္ပဏီ၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည့် ArcInfo၊ ArcView၊ ArcEditor GIS ဆော့ဖ်ဝဲလ်များ အသုံးပြု သင်ကြားသွားမည်ဖြစ်သည်။

**သင်ကြားမည်**

အဆိုပါသင်တန်းကို ဇူလိုင် ၁၇၊ ၁၈၊ ၂၄နှင့် ၂၅ရက် (စနေ၊ တနင်္ဂနွေနေ့) များတွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း(၄)၌ ရက်သတ္တနှစ်ပတ် (သင်တန်းကာလ လေးရက်) ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ သင်တန်းနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသူများသည် Myanmar Credent Technology အဆောင် (၁) အခန်း (၇) Myanmar Info-Tech ဖုန်းနံပါတ်-၆၅၂၂၈၅နှင့် ၆၅၂၂၈၆တို့သို့ ဆက်သွယ်စုံစမ်း အပ်နှံနိုင်သည်။ **(သတင်းစဉ်)**

# မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၁၃

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဇူလိုင် ၁၄ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃-၇-၂၀၁၀

| | |
|---|---|
| နေပြည်တော်လယ်ဝေး | ၁ ဒသမ ၅၃ လက်မ |
| ကျောက်ဖြူမြို့ | ၉ ဒသမ ၁၃ လက်မ |
| ရသေ့တောင်မြို့ | ၇ ဒသမ ၂၀ လက်မ |
| ကျောက်တော်မြို့ | ၄ ဒသမ ၈၄ လက်မ |
| စစ်တွေမြို့ | ၄ ဒသမ ၅၇ လက်မ |
| ရမ်းဗြဲမြို့ | ၄ ဒသမ ၄၂ လက်မ |
| မောင်တောမြို့ | ၄ ဒသမ ၁၀ လက်မ |
| ရန်ကုန်(မြို့လယ်) | ၃ ဒသမ ၉၀ လက်မ |

# စာအုပ်တိုက်ပေါင်းများစွာ စုပေါင်း၍ စာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

စာအုပ်တိုက်များစုပေါင်း၍ မိုးရာသီအကြို စာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၁၅ရက်မှ ၂၁ရက်အထိ နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ် ၁၃၃၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာကြည့်တိုက်များအတွက် လှူချင်လို့ပဲဖြစ်ဖြစ်၊ ကိုယ်တိုင်ဖတ်ချင်လို့ပဲဖြစ်ဖြစ်၊ တစ်ပါးသူကိုလက်ဆောင်ပေးချင်လို့ပဲဖြစ်ဖြစ်၊ ဝယ်ယူစုဆောင်းထားချင်လို့ပဲဖြစ်ဖြစ် အားလုံးအတွက် အကျိုးရှိမည့် အထူးအခွင့်အရေးကြီးတစ်ရပ်ဖြစ်ကြောင်း စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည့်သူများကဆိုသည်။

**လက်မလွှတ်သင့်**

စာရေးဆရာပေါင်းများစွာတို့၏ စာအုပ်အမျိုးအစားပေါင်း ၁၀၀ကျော်ကို တစ်ကြိမ်တစ်ခါမျှ မရဖူးသေးသော အထူးသက်သာသည့် နှုန်းထား၊ မူလတန်ဖိုး၏ ၅၀ရာခိုင်နှုန်းလျှော့ဈေးဖြင့် မိမိနှစ်သက်ရာစာအုပ်များကို တစ်နေရာတည်းတွင် ရွေးချယ်ဝယ်ယူနိုင်ကြမည်ဖြစ်ကြောင်း၊ သီဟရတနာ၊ စိတ်ကူးချိုချို၊ ရတနာပုံ၊ Unity Quality၊ မုံရွေး၊ သူရိယ၊ ထက်ထက်အောင်၊ မြချူး၊ ဇွန်ပွင့်၊ ပုဂံ၊ ကံ့ကော်ဝတ်ရည်၊ မျိုးဆက်သစ်၊ နေရီရီ၊ ပြုံး၊ ရန်အောင်၊ ရန်အောင်(၂) စသည့် စာအုပ်တိုက်များ စုပေါင်း၍ ဈေးရောင်းပွဲတော်ကျင်းပခြင်းဖြစ်ကြောင်း၊ စာပေဝါသနာပါသူတိုင်း လက်မလွှတ်သင့်သည့် အထူးအခွင့်အရေးကြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာအုပ်စာပေ**

**လှူမိတ်ဆွေ**

# ကြွက်နှင့်အခြားတိရစ္ဆာန်များမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများအကြောင်း သိကောင်းစရာ

ကျန်းမာရေးဝန်ကြီးဌာနဟာ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကူးစက်ရောဂါဖြစ်ပွားမှု များအား ဆောလျင်စွာ သတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်း (Early Warning and Resporse System) များကို ဦးစားပေးလုပ်ငန်း တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံအချို့သို့ ကူးစက်ဖြစ်ပွားခဲ့သော ဆားစ်ရောဂါသည် မြန်မာနိုင်ငံတွင် လုံးဝဖြစ်ပွားခဲ့ခြင်းမရှိပါ။ ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ကမ္ဘာအနှံ့သို့ ကူးစက်ပျံ့နှံ့ခဲ့သည့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ Pandemic(H1N1) 2009 ကိုလည်း ဖြစ်ပွားမှုအနည်းဆုံးနှင့် သေဆုံးမှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယနေ့ကမ္ဘာပေါ်မှာ လူများစွာကို ရောဂါကူးစက်မှုရှိစေပြီး လူတို့၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှု၊ လူမှုရေး၊ ပညာရေးနဲ့ စီးပွားရေး ဆုံးရှုံးပျက်စီးမှုများ ဖြစ်ပေါ်စေသော ကူးစက်မြန်ရောဂါ (၇၅ရာခိုင်နှုန်း)ကျော်ဟာ တိရစ္ဆာန်များကတစ်ဆင့် ကူးစက်လာတဲ့ ရောဂါများဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အသစ်ဖြစ်ပေါ်လာသော ကူးစက်မြန်ရောဂါများနှင့် တိရစ္ဆာန်များမှတစ်ဆင့် လူသို့ ကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကူးစက်ရောဂါတိုက်ဖျက်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ရောဂါတိုက်ဖျက်ရေးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့်သင်တန်းပေးခြင်းနှင့် လက်တွေ့ကွင်းဆင်း ဆောင်ရွက်စေခြင်း၊ လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ခြင်း၊ ကုသရေးလုပ်ငန်းများ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ ရောဂါဖြစ်စေတဲ့ တိရစ္ဆာန်များရဲ့ သဘာဝနေထိုင်ကျက်စားမှုနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားမှု၏ ကနဦးရောဂါလက္ခဏာများကို စောစီးစွာသတင်းရယူ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှု ပုံမှန်လုပ်ဆောင်ခြင်း၊ ကပ်ရောဂါအသွင် မဖြစ်ပွားစေရေးအတွက် လက်ဦးမှု ရယူတုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားသေဆုံးမှုမရှိစေရေးအတွက် ထိရောက်တဲ့ကုသမှုလုပ်ငန်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုမှ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်ရေးအတွက် ကျန်းမာရေးသတိပေးချက်များစတဲ့ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို နည်းဗျူဟာများချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ရာသီအလိုက်ဖြစ်ပေါ်နိုင်တဲ့ ကူးစက်ရောဂါများအတွက်လည်း ကျန်းမာရေးပညာပေးနှိုးဆော်ချက်များကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသ နှိုးဆော်လျက်ရှိပါတယ်။

ယခုအခါမှာ ရာသီဥတု သိသာစွာပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာပေါ်တွင် လူ၊ တိရစ္ဆာန်နှင့် သစ်တော၊ မြစ်ချောင်းများပါမကျန် ပြင်းထန်တဲ့ ရာသီဥတုဒဏ်ရဲ့ နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်ခံစားနေရပါတယ်။ ဥပမာ- အပူချိန်လွန်ကဲတဲ့ဒဏ်ကြောင့် လူတွေသာမက တိရစ္ဆာန်တွေမှာပါ အသက်ဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ တိရစ္ဆာန်များဟာ ရာသီဥတုပြောင်းလဲတဲ့ဒဏ်ကို ခံနိုင်ဖို့အတွက် သူတို့ရဲ့ နေထိုင်သွားလာ စားသောက်မှုစရိုက်တွေ ပြောင်းလဲခဲ့သလို ရောဂါဖြစ်စေတတ်တဲ့ ခြင်၊ ယင်အပါအဝင် ပိုးမွှားများဟာလည်း သူတို့ရဲ့နေထိုင်ပေါက်ပွား ရောဂါကူးစက်စေမှုအခြေအနေကို ပြောင်းလဲလာတဲ့ သဘာဝတွေရှိလာပါတယ်။ ဒါကြောင့်လည်း ယခင်က ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားခဲ့တဲ့ တောင်ပေါ်ဒေသလို နေရာတွေမှာ ယခုအခါ ရောဂါဖြစ်ပွားမှုများရှိလာတာကို တွေ့ရှိရပါတယ်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ မုန်တိုင်းဒဏ်ကို လူတွေနဲ့တိရစ္ဆာန်တွေ ထိတွေ့ခံစားခဲ့ကြရတယ်။ ဒီသဘာဝအန္တရာယ်တွေကလည်း တိရစ္ဆာန်များရဲ့ သဘာဝနေထိုင်စားသောက်မှုစရိုက်ကို ပြောင်းလဲစေပါတယ်။ ဥပမာ- နာဂစ်မုန်တိုင်းကျရောက်ပြီး ရေကြီး၊ ရေလျှံမှုများ ဖြစ်ပွားပြီးတဲ့နောက် ဧရာဝတီတိုင်းအတွင်းမှာ ကြွက်ကောင်ရေအဆမတန်များပြားလာတာကြောင့် ပြည်သူလူထုမှ မိမိတို့စိုက်ပျိုးသီးနှံများ မပျက်စီးစေရေးအတွက် ကြွက်နှိမ်နင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ရပါတယ်။ ဒီလိုကြွက်ပေါက်ဖွားမှု များပြားလာတာဟာ ၎င်းတို့ကို အစာအဖြစ်စားသုံးနေတဲ့ မြွေအရေအတွက်ဟာ မုန်တိုင်းဒဏ်ကြောင့် နည်းပါးသွားလို့ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ကြွက်တွေစားသုံးတတ်တဲ့ ပျိုးပင်နုတွေနဲ့ အခြားအပင်နုတွေဟာ ကြွက်ကောင်ရေ တိုးပွားမှုအတွက် အထောက်အကူပြုတယ်လို့ အချို့သုတေသီတွေက ဆိုကြပါတယ်။ ဒီဖြစ်စဉ်မှာလည်း ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဧရာဝတီတိုင်းအတွင်း ပလိပ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဖြစ်တဲ့ ကြွက်နဲ့ကြွက်လှေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ပလိပ်ရောဂါကူးစက်ဖြစ်ပွားနိုင်တဲ့ အခြေအနေမရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် ကြွက်တွေဟာ ၎င်းတို့ ကျက်စားရာနေရာများသို့ လူများရောက်ရှိနေထိုင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ သုံးစွဲလာခြင်း၊ အသံလှိုင်းပြောင်းလဲမှုဒဏ်ကို မခံနိုင်ခြင်း စသည်တို့ကြောင့် အုပ်စုလိုက် စားကျက်နေရာပြောင်းရွှေ့ခြင်းများ ပြုလုပ်လာကြပါတယ်။

အုပ်စုလိုက်ပြောင်းရွှေ့တဲ့အချိန်မှာ အချို့မိုင်နဲ့ချီပြီး ပြောင်းရွှေ့တတ်တဲ့အတွက် တစ်ကောင်နှင့်တစ်ကောင် အစာလုရာမှ ကိုက်ဖြတ်ခြင်းကြောင့် သေဆုံးမှုတွေရှိသလို ရေလျှံခြင်း၊ အဆိပ်မိခြင်းနှင့် လူတို့ရဲ့ ကြွက်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနဲ့ အခြားသောအကြောင်းများကြောင့် ကြွက်အများအပြား သေဆုံးမှုများရှိနိုင်ပါတယ်။

## ဒေါက်တာစိုးလွင်ငြိမ်း

ကြွက်များသေဆုံးမှုနှင့်ပတ်သက်ပြီး ပလိပ်ရောဂါ ကူးစက်ပြန့်ပွားမှာကို စိုးရိမ်တဲ့အတွက် လူအများစုက ကြွက်သေဆုံးမှုကို စိတ်ဝင်စားမှု ပိုမိုများပြားပြီး ဂရုပြုမိလေ့ရှိကြပါတယ်။

ပလိပ်ရောဂါဟာ ပလိပ်ရောဂါပိုးကြောင့်ဖြစ်ပြီး အဲဒီပလိပ်ရောဂါပိုးတွေဟာ ပထမဆုံး ကြွက်ကို ရောဂါကူးစက်စေပါတယ်။ ပလိပ်ရောဂါဖြစ်နေတဲ့ ကြွက်ရဲ့ကိုယ်ပေါ်မှာရှိတဲ့ ကြွက်သန်းတွေဟာ ရောဂါရှိတဲ့ ကြွက်ရဲ့သွေးကို စုပ်ယူစားသုံးရာက ကြွက်သန်းများမှာ ရောဂါကူးစက်မှုရှိလာပါတယ်။ အဲဒီရောဂါရှိတဲ့ကြွက်တွေ ပလိပ်ရောဂါကြောင့်သေဆုံးပြီး (ကြွက်ကျ)ပြီဆိုရင် ဒီရောဂါပိုးစုပ်ယူစားသုံးထားတဲ့ ကြွက်သန်းတွေဟာ သေနေတဲ့ ကြွက်တွေဆီက သူတို့အတွက် အစာဖြစ်တဲ့ သွေးကိုမရနိုင်တာကြောင့် ကြွက်ခန္ဓာကိုယ်ပေါ်က စွန့်ခွာကြပြီး ထိတွေ့ကိုင်တွယ်တဲ့ လူတွေကို ကြွက်သန်းကိုက်ပြီး လူတွေကို ပလိပ်ရောဂါကူးစက်စေတာဖြစ်ပါတယ်။ လူတွေမှာ ရောဂါရရင် အပြင်းဖျားပြီး အကျိတ်ထွက်လေ့ရှိပါတယ်။

လူတို့၏ ကြွက်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှုကြောင့် ကြွက်များသေဆုံးမှုမဟုတ်ဘဲ သဘာဝအလျောက် ကြွက်သေဆုံးမှုများရှိရင် ကြွက်ကျတယ်လို့ သတ်မှတ်ပြီး ပလိပ်ရောဂါနဲ့ပတ်သက်တဲ့ ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ဒါကြောင့် သဘာဝအလျောက် ကြွက်ကျရင် ကျန်းမာရေးဌာနသို့ သတင်းပို့ဖို့ ညွှန်ကြားချက်တွေထုတ်ပြန်ထားသလို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေနဲ့ပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက်စေလျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် တရားဝင်မှတ်တမ်းများအရ ၁၈၉၈ခုနှစ် ဇွန်လတွင် မော်လမြိုင်ဆိပ်ကမ်းမြို့၌ အိန္ဒိယအမျိုးသားတစ်ဦးမှတစ်ဆင့် ပလိပ်ရောဂါ ကူးစက်ဖြစ်ပွားခဲ့ပါတယ်။ ပထမပိုင်းတွင် ပလိပ်ရောဂါဟာ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာပဲ ကူးစက်ဖြစ်ပွားပြီး ၁၉၅၆-၆၅ခုနှစ်လောက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာ ဖြစ်ပွားမှုနည်းပါးသွားပြီး မြန်မာနိုင်ငံအထက်ပိုင်း အပူပိုင်းဇုန်ဖြစ်သော မြင်းခြံ၊ မန္တလေးပတ်ဝန်းကျင်တွင် အဖြစ်များခဲ့ကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ပလိပ်ရောဂါ ဖြစ်ပွားမှုဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆိုရင် အဆုတ်ပလိပ်ရောဂါ (Pneumoinc Plague) ကပ်ရောဂါအသွင်ဖြင့် ငါးကြိမ်ဖြစ်ပွားခဲ့တာတွေ့ရှိရပြီး ၁၉၃၅ခုနှစ်တွင် သာယာဝတီ၊ ၁၉၃၇ခုနှစ်တွင် သထုံ၊ ၁၉၄၆ခုနှစ်တွင် ညောင်လေးပင်နှင့် ရန်ကုန်၊ ၁၉၇၄ခုနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့တို့မှာ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ပလိပ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ခဲ့တာကြောင့် မြန်မာနိုင်ငံတွင် ယနေ့အထိ နှစ်ပေါင်းများစွာ ပလိပ်ရောဂါဖြစ်ပွားကူးစက်မှုမရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနဟာ ပလိပ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအဖြစ် ကြွက်နှင့်ကြွက်လှေးသုတေသနလုပ်ငန်းများကို ပလိပ်ရောဂါဖြစ်ပွားကူးစက်နိုင်ခြေရှိတဲ့ နေရာဒေသများမှာ နှစ်စဉ် သုံးလတစ်ကြိမ် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၀ခုနှစ် ဇွန်လအတွင်း မုတ်သုံရာသီဝင်ရောက်ချိန်ဖြစ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုများရှိခဲ့ရာ နေရာအချို့တွင် မိုးကြီးခြင်း၊ ရေလျှံခြင်းများကြောင့် ကြွက်များသေဆုံးမှုရှိခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်တွင် ဖြူးမြို့နယ်၊ ကျောက်တံခါးမြို့နယ်နှင့် ပဲခူးမြို့နယ် အချို့နေရာများမှာ တောနေ ကြွက်ငါးကောင်မှ အကောင် ၂၀ အထိ သေဆုံးမှုများရှိခဲ့ရာ ကြွက်သေဆုံးမှုရှိသော နေရာတိုင်း၌ ကြွက်နှင့် ကြွက်လှေးများအား ပလိပ်ရောဂါရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းကို ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတွင် ဓာတ်ခွဲစမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ပလိပ်ရောဂါပိုး မတွေ့ရှိရပါ။ ထို့အပြင် မြို့ကြီးများရှိ ဈေးများ၊ အိမ်များတွင်လည်း ကြွက်နှင့် ကြွက်လှေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကြွက်များတွင် ပလိပ်ရောဂါ သံသယမတွေ့ရှိရပါ။

**မြန်မာနိုင်ငံတွင် ယနေ့အထိ လူတွင် ပလိပ်ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိပါ။**

ပလိပ်ရောဂါကူးစက်ဖြစ်ပွားမှု မတွေ့ရှိရသေးသော်လည်း ကြွက်ကျလျှင် သတင်းပို့ခြင်းနှင့် ပလိပ်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနက ကြွက်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးသတိပေးနှိုးဆော်ချက်ကို သတင်းစာနှင့် ရုပ်မြင်သံကြားတို့တွင်ထည့်သွင်း၍ ပြည်သူလူထု၏ကျန်းမာရေးအတွက် နှိုးဆော်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အောက်ဖော်ပြပါ ကြွက်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ ကာကွယ်ရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

## ကြွက်မှတစ်ဆင့် ကူးစက်ရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏စားနပ်ရိက္ခာနှင့် ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

**(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်းပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။**

**(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။**

**(ဂ) ပလိပ်ရောဂါသံသယရှိသောကြွက်များကို စစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။**

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် အရိုးကုန်းရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကို ဇူလိုင်၁၁ရက်က ဆောင်ရွက်ရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်မိမိတင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရပ်ကွက်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ရပ်ကွက်လုံးကျွတ် ရေစည်ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၇၁)



### ပညာပေးဟောပြော

မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၂ရက်က သဃ်န်းကျွန်းမြို့နယ် အထက(၁)ကျောင်း သပြေခန်းမ၌ ကျင်းပရာ သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်သန့်ဇော်ဦးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးဥပဒေအခြေခံများနှင့်ပတ်သက်၍ ပညာပေးဟောပြောစဉ်။ (၁၂၁)



# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဆုရသူတို့ ရင်ဖွင့်စကားသံ

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇူလိုင် ၁၃

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး ပြီးဆုံးခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ဖလားကို ပထမဆုံးဆွတ်ခူးနိုင်ခဲ့သည့် စပိန်အသင်း ခြိမ့်ခြိမ့်သဲအောင် ပရိသတ်များနှင့် အောင်ပွဲခံနိုင်ခဲ့ပြီး ပြည်တော်ပြန် မျက်နှာပန်းလှခဲ့ကြသည်။ ထို့အတူ ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အကောင်းဆုံးဆုများရရှိခဲ့ကြသည့် ဘောလုံးသမားများလည်း ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ကြသည်ဖြစ်ရာ သတင်းထောက်များနှင့် တွေ့ဆုံမေးမြန်းစဉ် ပြောကြားခဲ့သည့် ရင်ဖွင့်စကားသံများကို ဖော်ပြရပါလျှင်-

### ဒီဂိုဖော်လန် (ရွှေဘောလုံးဆု)



"ဥရုဂွေးအသင်းကို အခုကမ္ဘာ့ဖလားပွဲမှာ ဒီထက်အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်ဖို့ အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ကျွန်တော်တို့ကစားသမားတွေဟာ နည်းပြရဲ့ ညွှန်ကြားမှုအတိုင်း ကောင်းကောင်းကစားနိုင်ခဲ့ကြတယ်။ နောက်လေးနှစ်အကြာမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာတော့ ကျွန်တော်ပါဝင်ကစားနိုင်ဖို့ အသက်အရွယ်အရ သိပ်တော့မလွယ်ပါဘူး။ ဒါပေမယ့် နိုင်ငံ့ဂုဏ်ကို ဆောင်ပေးနိုင်ဖို့အတွက် ကျွန်တော်အသင့်ရှိနေမှာပါ။ အခုလို ရွှေဘောလုံးဆုကို ရရှိလိမ့်မယ်လို့ လုံးဝမထင်ထားခဲ့ပါဘူး။ ဖီဖာကို ကျေးဇူးတင်သလို ကစားဖော်တွေကြောင့်လဲ အခုလို ဆုရရှိခဲ့လို့ ဝမ်းသာပါတယ်"

### သောမတ်စ်မူလာ (ရွှေဖိနပ်ဆု)



"တကယ်ဆိုရင် ကျွန်တော့်အနေနဲ့ ဒီထက် ဂိုးသွင်းနိုင်ရမှာပါ။ ကျွန်တော် ဂိုးတွေသွင်းခွင့်ရအောင် ကစားဖော်တွေက ဝိုင်းပြီးပံ့ပိုးပေးခဲ့လို့လည်း ဂိုးတွေ သွင်းနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီဆုဟာ ကျွန်တော့် ဘောလုံးသမားဘဝမှာ အခုအချိန်ထိ အမြင့်ဆုံးဆုပါပဲ။ ကျွန်တော်တို့ရဲ့ နည်းပြ ဂျိုအာချင်လိုက ပွဲစဉ်အတော်များများ ထည့်သွင်းကစားစေခဲ့တာလည်း ပါဝင်သလို ကျွန်တော်တို့ ဂျာမနီအသင်း ဖလားဆွတ်ခူးနိုင်ရေးအတွက် အားကုန်ထုတ် ကြိုးစားခဲ့တာကြောင့် ဖြစ်ပါတယ်။ ကျွန်တော့်မှာ အားနည်းချက်တွေ ရှိနေဆဲပါပဲ"

### ရှနိုက်ဒါ (ငွေဘောလုံးဆု)



"အမှန်အတိုင်းပြောရရင် ကျွန်တော် ဒီဆုရတဲ့အတွက် အပြည့်အဝဝမ်းသာမှု မဖြစ်ရပါဘူး။ နယ်သာလန်အသင်းဟာ ကမ္ဘာ့ဖလား ရယူနိုင်တဲ့အနေအထားအထိ ရောက်ရှိခဲ့ပါတယ်။

#### မှတ်ယူ

အဲဒီလို အခွင့်အရေးကောင်းတွေကို ကြိုးစား အသုံးမချနိုင်ခဲ့ဘူး။ ဒါက ကျွန်တော်တို့ အားနည်းချက်ပါပဲ။ ဒါပေမယ့် ကမ္ဘာ့ဖလားနဲ့ထိုက်တန်တဲ့ ခြေစွမ်းမရှိသေးလို့ပဲ မှတ်ယူထားပါတယ်"

### ဒေးဗစ်ဗီလာ (ငွေဖိနပ်ဆု)



"ကျွန်တော့်အနေနဲ့ အခုလိုငွေဖိနပ်ဆုရရှိတာထက် ကျွန်တော်တို့စပိန်အသင်း ကမ္ဘာ့ ဖလားဆွတ်ခူးနိုင်ခဲ့တာကို အတိုင်းမသိ ဝမ်းသာဂုဏ်ယူစိတ် ဖြစ်ရပါတယ်။ တကယ်ဆိုရင် ကျွန်တော့်အနေနဲ့ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ရေးအတွက် အဓိကရည်မှန်းချက်ထားပြီး ကြိုးစားခဲ့တာပါ။ ကျွန်တော်ဂိုးသွင်းနိုင်ဖို့ ကြိုးစားသမျှဟာ စပိန်အသင်း အောင်မြင်မှုရရေးအတွက်ပါပဲ။ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့ စပိန်အသင်းရဲ့အင်အားဟာ အခုထက်ပိုပြီး ဂိုးသွင်းနိုင်ရမှာပါ။ ဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒီဆုဟာ ကျွန်တော်နဲ့ထိုက်တန်တယ်လို့ ယူဆပါတယ်"

### ကာဆီးလက်စ်

### (အကောင်းဆုံးဂိုးသမားဆု)

"တကယ့်ကို အိပ်မက်ဆန်တဲ့ဖြစ်ရပ်တွေပါပဲ။ ကျွန်တော်တို့စပိန်အသင်း ကမ္ဘာ့ဖလားကိုရယူနိုင်ခဲ့ပါပြီ။ ကျွန်တော်တို့ တစ်နိုင်ငံလုံး ပျော်ရွှင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့လို့ ကျေနပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဆုဟာ တကယ့်ကို မမျှော်မှန်းခဲ့ပါဘူး။ တကယ်ဆိုရင် ကျွန်တော့်အနေနဲ့ အခက်ခဲဆုံး စက္ကန့်တွေကို ရင်ဆိုင်ခဲ့ရတယ်။

#### ကျေးဇူးတင်

ကျွန်တော့်ရဲ့ စက္ကန့်ပိုင်းအတွင်း ဆုံးဖြတ်ချက်တွေဟာ စပိန်အသင်းအတွက် သိပ်ကိုအရေးကြီးပါတယ်။ ကျွန်တော့်ကို ပွဲတိုင်း သွန်သင် ဆုံးမခဲ့တဲ့ နည်းပြကြီးကို ကျေးဇူးတင်ပါတယ်။

#### ပြောကြား

ဒီဖြစ်ရပ်တွေဟာ ကျွန်တော့် ဘဝမှာ ဘယ်တော့မှ ဖျောက်ဖျက်လို့မရတဲ့ ဖြစ်ရပ်တွေအဖြစ် ရှိနေတော့မှာပါ" ဟု အကောင်းဆုံး ဂိုးသမားဆုရသူ ကာဆီးလက်စ်က ဖွင့်ဟပြောကြားသွားပါကြောင်း။ ။

ကိုးကား-အင်တာနက်



## ပရီမီယာလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ် ဘလက်ပူးလ်နှင့် ဝီဂန် ကစားရမည်

လန်ဒန် ဇူလိုင် ၁၃

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲများ လာမည့် ဩဂုတ် ၁၄ရက်တွင် စတင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ တန်းတက်အသင်း ဘလက်ပူးလ်အသင်းသည် အိမ်ကွင်း၌ ဝီဂန်အသင်းနှင့် စတင်ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

ဘလက်ပူးလ်အသင်းသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီတွင် ချန်ပီယံရှစ်ပြိုင်ပွဲ၌ ကာဒစ်အသင်းနှင့် ရှုံးထွက်ကစားပြီး ပရီမီယာလိဂ်သို့ တန်းတက်ခဲ့ခြင်းဖြစ်သည်။ ဘလက်ပူးလ်တို့ ပရီမီယာလိဂ်သို့ တက်ရောက်နိုင်ခြင်းမှာ ၁၉၇၁ ခုနှစ် နောက်ပိုင်း ပထမဆုံး အကြိမ်ဖြစ်သည်။ ဘလက်ပူးလ်တို့ ဩဂုတ် ၂၁ရက်တွင် အာဆင်နယ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ပြီး ဩဂုတ် ၂၈ရက်၌ ဖူလ်ဟမ်နှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘလက်ပူးလ်အသင်း၏ ဘလွန်းဖီးလ်ရဒ်ကွင်းကြီးသည် ပရိသတ် ၁၇၆၀၀ ဆံ့သည်။ (အင်တာနက်)

## အင်္ဂလန်ဘောလုံးအသင်း အဆိုးရွားဆုံးအဆင့်ကျဆင်း

လန်ဒန် ဇူလိုင် ၁၃

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး ဖီဖာက နိုင်ငံကိုယ်စားပြု ဘောလုံးအသင်းများ၏ အဆင့်သတ်မှတ်ချက်ထုတ်ပြန်ခဲ့ရာ အင်္ဂလန်အသင်းသည် အဆိုးရွားဆုံးအဆင့်သို့ ကျဆင်းခဲ့ရသည်။

အင်္ဂလန်အသင်း၏ နွေရာသီက ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ အဆင့် (၇) တွင်ရှိသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် ထုတ်ပြန်ခဲ့ရာတွင် အဆင့် ၁၃ သို့ ရောက်ရှိသွားသည်။ ၁၉၅၈ခုနှစ်က အဆိုးရွားဆုံး အဆင့်၁၁အထိသာ ကျဆင်းခဲ့သည်။ ယခုထုတ်ပြန်သောအဆင့်မှာပို၍ အဆိုးရွားဆုံး ဖြစ်လာသည်။

ဖီဖာထုတ်ပြန်ခဲ့သော ဘောလုံးအသင်းများ၏အဆင့်မှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။

၁။ စပိန်
၂။ နယ်သာလန်
၃။ ဂျာမနီ
၄။ ဥရုဂွေး
၅။ အာဂျင်တီးနား
၆။ ဘရာဇီး
၇။ ဂါနာ
၈။ ပါရာဂွေး
၉။ ဂျပန်
၁၀။ ချီလီ
၁၁။ ပေါ်တူဂီ
၁၂။ အမေရိကန်
၁၃။ အင်္ဂလန်
၁၄။ မက္ကဆီကို
၁၅။ တောင်ကိုရီးယား
၁၆။ ဆလိုဗက်ကီးယား
၁၇။ အိုင်ဗရီကို့စ်
၁၈။ ဆလိုဗေးနီးယား
၁၉။ ဆွစ်ဇာလန်
၂၀။ တောင်အာဖရိက

(အင်တာနက်)



## ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ပေါ်လာခရီမာ ဖလားဆွတ်ခူး

ပင်ဆယ်ဗေးနီးယား ဇူလိုင် ၁၃

အမေရိကန် ဂေါက်သီးအားကစားမယ် ပေါ်လာခရီမာသည် ဇူလိုင် ၁၂ရက်က အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် အော့ခ်မောင့်ဂေါက်ကလပ်၌ ကျင်းပသည့် ယူအက်စ်အိုးပင်း အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အခြားပြိုင်ဘက်များထက် လေးချက်အသာရပြီး ချန်ပီယံဆုဖလားကြီး ဆွတ်ခူးနိုင်ခဲ့သည်။

#### ဝေယူ

အသက် ၂၃နှစ်ရှိ ခရီမာသည် ပြိုင်ပွဲအစအဆုံး ၂၈၁ချက်ရိုက်နိုင်ပြီး သုံးချက်လျှော့ရိုက်နိုင်ခဲ့သည်။ တောင်ကိုရီးယားမှ နာယွန်ချွိုင်းနှင့် နော်ဝေမှ ပက်တာဆင်တို့သည် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီပိုရိုက်ပြီး ဒုတိယဆုကို ခွဲဝေယူသွားကြသည်။

#### ဆွတ်ခူးနိုင်

ခရီမာသည် လွန်ခဲ့သော ခြောက်နှစ်တာအတွင်း အမေရိကန်အမျိုးသမီးတစ်ဦးအနေဖြင့် ယင်းဆုဖလားကို ပထမဆုံး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

## ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

### ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ ဆားဗီးယား အကြိုဗိုလ်လုပွဲတက်ရောက်

*ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဆားဗီးယားအသင်းမှ နီဗက်ခ်ဒီဂျိုကိုဗစ်သည် ပြိုင်ဘက်အသင်း ခရိုအေးရှားမှ မာရင်စီလီအား ၆-၃၊ ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိပြီး ပထမဦးဆုံးအကြိမ်ဖြစ် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။*

### ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ပြင်သစ် အကြိုဗိုလ်လုပွဲတက်

*ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြင်သစ်အသင်းမှ မိုက်ကယ်အယ်လ်လိုဒရာနှင့် ဂျူလီယန်ဘင်နီတီယူတို့သည် လက်ရှိချန်ပီယံ စပိန်အသင်းမှ ဖာနန်ဒိုဗာဒက်စ်ကိုနှင့် ဖယ်လီစီယာနိုလိုပက်ဇ်အား ၆-၁၊ ၆-၂၊ ၆-၇၊ (၆-၈)၊၇-၆၊ (၇-၅)ဖြင့် အနိုင်ရရှိပြီး ၂၀၀၄ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။*

### လန်ဒန်ဂရင်းပရီ ပြေးခုန်ပစ်၌ အူလ်စိန်ဘော့ မယှဉ်ပြိုင်

*အိုလံပစ် ချန်ပီယံသုံးဆုရှင် အူလ်စိန်ဘော့က လာမည့် ဩဂုတ်လတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပမည့် အဗီဗာလန်ဒန်ဂရင်းပရီ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း၊ အကြောင်းမှာ ဗြိတိန်နိုင်ငံ၏ အခွန်စည်းကမ်းအရဖြစ်ကြောင်း ၎င်းက ဖွင့်ဟကြေညာခဲ့သည်။*

### အိုင်ယာလန်ပြေးခုန်ပစ်အသင်း၌ စမိုက်သ်နှင့်ဖော်စတာပါဝင်

*လာမည့် ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၁ရက်အထိ စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပမည့် ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အိုင်ယာလန်အသင်းအတွက် ပြေးခုန်ပစ်အားကစားသမားနှစ်ဦးဖြစ်သည့် ဂျာဆန်စမိုက်သ်နှင့် အေမီဖော်စတာတို့ကို ထည့်သွင်းရွေးချယ်ထားသည်ဟုဆိုသည်။*

### မန်စီးတီးသို့ ပြောင်းရွှေ့ခွင့်ရမည်ဟု ဒီဇီကိုယုံကြည်

*ဝုဖ်ဘတ်တိုက်စစ်မှူး အီဒင်ဒီဇီကိုက ၎င်း၏အသင်းအနေဖြင့် ပြောင်းရွှေ့ကြေးကို မန်စီးတီးအသင်းအား ပေါင်သန်း ၅၀တောင်းထားမှုကို လျှော့ချပြီး ၎င်းအား မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။*

### ခံစစ်မှူး ကိုအင်ထရာအိုအား ခေါ်ယူရန် ချယ်လ်ဆီး စီစဉ်

*ချယ်လ်ဆီးအသင်းသည် ရီးရဲမက်ဒရစ်အသင်းသို့ ခံစစ်မှူး အက်ရှ်လေကိုးလ် ပြောင်းရွှေ့ခဲ့ပါက ၎င်း၏နေရာတွင် အစားထိုးရန်အတွက် အသက် ၂၂နှစ်အရွယ်ရှိ ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် ဘင်ဖီကာအသင်း ဘယ်နောက်ခံလူ ဖာဘီယိုကို အင်ထရာအိုအား ခေါ်ယူရန် စီစဉ်နေသည်။*

### ကာကာအား ခေါ်ယူလိုကြောင်း အန်ဆယ်လော့တီ ဖွင့်ဟ

*ချယ်လ်ဆီးအသင်းနည်းပြ ကားလို့စ်အန်ဆယ်လော့တီသည် ရီးရဲမက်ဒရစ်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ကာကာအားခေါ်ယူလိုသည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း၊ သို့သော်လည်း ကာကာအား ခေါ်ယူနိုင်ရေး အခွင့်အလမ်းမှာ အမှန်တကယ် နည်းပါးနေသည်ဟု ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။*

### ဘာစီလိုနာနှင့် ဆွေးနွေးရေး ဝင်းဂါးငြင်းပယ်

*အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် တောင်အာဖရိကတွင်ရှိစဉ် အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်၏ ပြောင်းရွှေ့ရေးကို ဘာစီလိုနာအသင်းနှင့် ဆွေးနွေးရန် ငြင်းပယ်သည်။*

### ကမ္ဘာ့ဖလားဗိုလ်လုပွဲ၌ တောရက်စ် ဒဏ်ရာရရှိ

*ကမ္ဘာ့ဖလား ဆွတ်ခူးခဲ့သည့် စပိန်အသင်းမှ လီဗာပူးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် ဇွန် ၁၂ရက်က နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် ပေါင်ခြံဒဏ်ရာရရှိခဲ့မှုကြောင့် ပရီမီယာလိဂ်ရာသီ၏ ပထမလ ပွဲစဉ်များနှင့် လွဲချော်ဖွယ်ရှိကြောင်း၊ ၎င်းသည် ဒူးဒဏ်ရာသက်သာလာသည်မှာ မကြာသေးသော ကာလအတွင်းမှာပင် ယင်းဒဏ်ရာ ထပ်မံရရှိခဲ့ကြောင်း သိရသည်။*

### စင်ကာပူပြေးခုန်ပစ်ပြိုင်ပွဲဝင် ဗြိတိန်အသင်းကို ဟွန်ဒါလေ ဦးဆောင်မည်

*လာမည့် ဩဂုတ် ၁၄ရက်မှ၁၆ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် ပထမဆုံးအကြိမ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲတွင် အဖွဲ့ဝင်အင်အား ၄၀ဖြင့် တောင့်တင်းစွာ ဖွဲ့စည်းထားသော ဗြိတိန်ပြေးခုန်ပစ်အသင်းကို ပေကျင်းအိုလံပစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး ပြီးခဲ့သည့် ၂၀၀၉ခုနှစ်က အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပသည့် ကမ္ဘာ့ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သူ ဟွန်ဒါလေက ဦးဆောင်မည်ဖြစ်သည်။ ။* (အင်တာနက်)

သမိုင်းဝင်သတင်းသုတ

# ဗင်နီဇွဲလား နယ်နိမိတ်အငြင်းပွားမှု (၁၈၉၅-၁၈၉၉)

တိုး-ရေးသားသည်

အမေရိကန်သမ္မတ ဂရိုဗာကလီဗီလင်း၏ ၁၈၉၅ ခုနှစ် ဒီဇင်ဘာ ၁၇ရက် မွန်းလွဲပိုင်းက အမေရိကန် ကွန်ဂရက်သို့ တင်သွင်းလိုက်သည့် နယ်နိမိတ်ကော်မရှင် ဖွဲ့စည်းခန့်အပ် ခွင့်တောင်းခံမှုက အမျိုးသားကာကွယ်ရေးသွင်ပြင်လက္ခဏာတစ်ခုလုံးကို ပြောင်းလဲ သွားစေရုံမျှမက အမျိုးသားကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပြည်သူ့သဘောထား ခံယူချက် ပုံစံသစ်တစ်ရပ်ကိုပါ ဖော်ဆောင်ပေးလိုက်ခြင်းလည်းဖြစ်သည်။

## မကြုံခဲ့

ဗင်နီဇွဲလားနှင့်ပတ်သက်သော ယင်းသတင်းမှာ နွေခေါင်ခေါင်တွင် တိမ်ညိုမဆင်ဘဲ နေ့ခင်းကြောင်တောင် မိုးကြိုးပစ်လိုက်ခြင်းနှင့်များစွာ တူနေသည်။ မိုးကြိုးပစ်ပြီးနောက် အမေရိကန်ပြည်သူတို့ကို ထိတ်လန့်ချောက်ချားသွားစေသည်က အမှန်ပင်။ ပြည်တွင်းစစ် ကြေညာရန် အမေရိကန်တောင်ပိုင်းခွဲထွက်ရေး ပြည်နယ်များကိုယ်စား ဗိုလ်ချုပ်ကြီးဗူရီဂတ် ၁၈၆၁ ခုနှစ် ချာလက်စတန်ဆိပ်ကမ်း၌ အချက်ပေး သေနတ်ပစ်ဖောက်ခဲ့ပြီးနောက် ချောက်ချားစရာဟူ၍ အမေရိကန်ပြည်သူတို့ တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့သည်မှာ ယခု အချိန်ထိပင် မဟုတ်ပါလား။

သမ္မတ ကလီဗီလင်း၏ အစီအစဉ်က ဥရောပတိုက်မှ အင်အားအကြီးဆုံးနှင့် လုပ်ရည်ကိုင်ရည်ရှိသည့်နိုင်ငံကို ဗီဆန်အာခံသည့်လုပ်ရပ်ဖြစ်သည်။ အမေရိကန်နိုင်ငံ အနေဖြင့် ရေကြောင်းတိုက်ပွဲမဆိုထားဘိ ကြည်းကြောင်းတိုက်ပွဲကိုပင် ခုခံနိုင်စွမ်းမရှိ၊ စစ်ပွဲအတွက် အသင့်လုံးဝမရှိကြောင်း အမေရိကန်ပြည်သူတို့၏ လက်တွေ့ဆင်ခြင်တုံ တရားက အသိပေးနေသည့်အတွက် ယခုကိစ္စတွင် ချောက်ချားနေကြရခြင်းဖြစ်သည်။

## ကြေညာ

ဗင်နီဇွဲလား နယ်နိမိတ်အငြင်းပွားမှုမှာ ၁၈၄၁ခုနှစ်က တရားဝင်စတင်ခဲ့သည်။ ဗြိတိန်နိုင်ငံက နယ်မြေကျူးကျော်သဖြင့် ဗင်နီဇွဲလားနိုင်ငံအစိုးရက ကန့်ကွက်ခဲ့သည်။ သမိုင်းအရဆိုလျှင် ဗြိတိန်နိုင်ငံက နယ်သာလန်နိုင်ငံနှင့် သဘောတူစာချုပ်ဖြင့် ၁၈၄၁ ခုနှစ်တွင် ဗြိတိသျှဂီယာနာ (ယခု ဂူယာနာ)ကို ရယူလိုက်သည်။ ထိုစာချုပ်က အနောက်ဘက်နယ်နိမိတ်ကို အတိအကျမသတ်မှတ်ခဲ့။ နယ်နိမိတ်တိုင်းတာသတ်မှတ်ပေးရန် ဗြိတိန်က ရောဘတ်ရှွမ်ဘတ်ကို တာဝန်ပေးလိုက်ရာ ၁၈၃၅ခုနှစ်တွင် ရှွမ်ဘတ် နယ်ခြားမျဉ်းပေါ်ပေါက်လာသည်။ စတုရန်းမိုင် ၃၀၀၀၀ ဗြိတိသျှဂီယာနာဘက်ပါသွားသည်ဆို၏။ ဗင်နီဇွဲလားက ကန့်ကွက်သည်။ သူ့နယ်မြေမှာ အက်စီကွီဘိုမြစ်အထိ အရှေ့ဘက်တွင် ရောက်ရှိပိုင်ဆိုင်ကြောင်း ကြေညာသည်။

၁၈၇၆ခုနှစ်တွင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ပြီး ဗင်နီဇွဲလားနိုင်ငံက ဗြိတိန်နှင့် သံအဆက်ဖြတ်သည်။ ထို့အပြင် ဗင်နီဇွဲလားက မွန်ရိုးဩဝါဒဒေသနာအရ အမေရိကန်ကို ကူညီပါရန်လည်း မေတ္တာရပ်ခံလိုက်သည်။

## တုံ့ပြန်

ဤနယ်နိမိတ်အငြင်းပွားမှုတွင် ခုံသမာဓိရုံးဖွဲ့ကာ ကမကထပြု၍ဖြစ်စေ၊ သို့မဟုတ် အင်အားသုံး၍ဖြစ်စေ၊ အမေရိကန်နိုင်ငံအနေဖြင့် ကြားဝင်ဖြေရှင်းပေးရန် ဗင်နီဇွဲလား နိုင်ငံက ၁၉နှစ်လုံးလုံး မေတ္တာရပ်ခံသည်။ အမေရိကန်နိုင်ငံက ဤကိစ္စအတွက် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောဆိုကာ တုံ့ပြန်ခဲ့သော်လည်း ဖြေရှင်းပေးရန် မဆောင်ရွက်သလောက်ဖြစ်သည်။

၁၈၉၅ခုနှစ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသစ် ရစ်ချက်အိုနေးက မွန်ရိုးဩဝါဒဒေသနာအရ နယ်နိမိတ်အငြင်းပွားမှုကို သမာဓိခုံရုံးတင်ပြရန် ဗြိတိန်ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ဆာလစ်ဘာရီထံ စာရေးသားတောင်းဆိုလိုက်သည်။ ဗြိတိန်ဝန်ကြီးချုပ်က မွန်ရိုးဩဝါဒဒေသနာမှာ နိုင်ငံတကာဥပဒေတစ်ရပ်အဖြစ် ခိုင်လုံခြင်းမရှိဟု ပြန်ကြားလိုက်သည်။

## ဖော်ပြ

ဗြိတိန်ဝန်ကြီးချုပ် လော့ဒ်ဆာလစ်ဘာရီ၏ တုံ့ပြန်ချက်မှာ အမေရိကန်တို့အဖို့ လက်ခံနိုင်စရာမရှိပေ။ သို့ဖြင့် အမေရိကန်သမ္မတ ဂရိုဗာကလီဗီလင်းက ၁၈၉၅ခုနှစ် ဒီဇင်ဘာလတွင် နယ်နိမိတ်ကော်မရှင်ဖွဲ့ခွင့်ပြုပါရန် အမေရိကန် ကွန်ဂရက်သို့ အဆိုပြုလိုက်ခြင်းဖြစ်သည်။ အမေရိကန် ကွန်ဂရက်ကလည်း တညီတညွတ်တည်း အတည်ပြုပေးလိုက်သည်။ ဗြိတိန်နှင့်စစ်ဖြစ်မည့် ကောလာဟလကို အမေရိကန်သတင်းစာများတွင် စတင်ဖော်ပြလိုက်သည်။

ထိုအချိန်က ဗြိတိန်အင်ပါယာမှာ တစ်ကမ္ဘာလုံးကျယ်ပြန့်ပြီး မနည်းနိုင်အောင် ထိန်းနေရသည်ကတစ်ကြောင်း၊ တောင်အာဖရိက၌ ဘိုးဝါးများနှင့် ရင်ဆိုင်တိုက်ခိုက်နေရသည်ကတစ်ကြောင်းကြောင့် နောက်ထပ်စစ်ပွဲ ထပ်ဆင်နွှဲရန် ဗြိတိန်အနေဖြင့် ခက်ခဲနေပေသည်။ ထို့ကြောင့်ပင် မွန်ရိုးဩဝါဒဒေသနာအကြောင်းကို ဆက်မပြောတော့ဘဲ လော့ဒ်ဆာလစ်ဘာရီအစိုးရက နယ်နိမိတ်အငြင်းပွားမှုကို အမေရိကန်နယ်နိမိတ်ကော်မရှင်သို့ တင်သွင်းလိုက်သည်။

ထိုအခါ ဗင်နီဇွဲလားနိုင်ငံက ကော်မရှင်အနေဖြင့် သူ့ဘက်ကို အသာပေး ဆုံးဖြတ်လိမ့်မည်ဟုစိတ်ချလျက် နယ်နိမိတ်အငြင်းပွားမှုကို ခုံသမာဓိဆုံးဖြတ်ရန် ကော်မရှင်သို့ တက်တက်ကြွကြွတင်သွင်းလိုက်သည်။

သို့သော် ကော်မရှင်က ၁၈၉၉ခုနှစ် အောက်တိုဘာ ၃ရက်က အပြီးသတ်ဆုံးဖြတ်ချက်ချသောအခါ နယ်နိမိတ်ကို ၁၈၃၅ခုနှစ်တွင် ရှွမ်ဘတ်မျဉ်းအတိုင်း သတ်မှတ်ရန် ညွှန်ကြားလိုက်သည်။ ဗင်နီဇွဲလားမှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်သွားပေသည်။

မည်သို့ပင်ဖြစ်စေ ဗင်နီဇွဲလားနယ်နိမိတ် အငြင်းပွားမှုက အမေရိကန်နိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ပေးလိုက်သလိုဖြစ်သည်။ ထို့အပြင် ဤအဖြစ်က မွန်ရိုးဩဝါဒဒေသနာအရ ကမ္ဘာ့အနောက်ခြမ်းတွင် အမေရိကန်နိုင်ငံအနေဖြင့် သူ၏ အထူးလုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးနိုင်ကြောင်း သတိပေးလိုက်သလိုလည်း ဖြစ်သွားပေသည်။ ။ **(အင်တာနက်)**



ဗင်နီဇွဲလားနှင့် ဗြိတိသျှဂီယာနာအကြား နယ်နိမိတ်အငြင်းပွားမှုတွင် အမေရိကန်က မလွှဲမရှောင်သာ ပါဝင်ခဲ့ရာ အမေရိကန်နှင့် ဗြိတိန်အကြား ကြီးမားသော နောက်ဆုံး အငြင်းပွားမှုပင်ဖြစ်သည်။ (အင်တာနက်ဓာတ်ပုံ)

**ဗင်နီဇွဲလား နယ်နိမိတ်အငြင်းပွားမှုမှာ ၁၈၄၁ခုနှစ်က တရားဝင် စတင်ခဲ့၊ ဗြိတိန်နိုင်ငံက နယ်မြေကျူးကျော်သဖြင့် ဗင်နီဇွဲလားနိုင်ငံအစိုးရက ကန့်ကွက်ခဲ့၊ သမိုင်းအရဆိုလျှင် ဗြိတိန်နိုင်ငံက နယ်သာလန်နိုင်ငံနှင့် သဘောတူစာချုပ်ဖြင့် ၁၈၄၁ ခုနှစ်တွင် ဗြိတိသျှဂီယာနာ (ယခုဂူယာနာ) ကို ရယူလိုက်။**

နိုင်ငံတကာသတင်း
စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး
ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် ဝင့်မာသွင်

ကမ္ဘာတစ်လွှားထူးထူးခြားခြား

## ရေအောက်လက်ထပ်ပွဲ

*အီတလီနိုင်ငံ အီလ်ဘာကျွန်းရှိ မိုကိုနီကမ်းခြေ ကမ်းလွန်တွင် ရေငုပ်သမား ၂၆ ဦးတို့ စုပေါင်းတက်ရောက်ကြသည့် အီတလီနိုင်ငံမှ ကိုလွန်ဘီနှင့် ကိုင်ရာနီကာရီတို့ ရေအောက်လက်ထပ်ပွဲကို မကြာမီက ကျင်းပခဲ့ရာ ကမ္ဘာပေါ်၌ ပရိသတ်အများဆုံး ရေအောက် လက်ထပ်ပွဲအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ)*

*(အင်တာနက်)*



စာမျက်နှာဖွဲ့စည်းမှု ➢ ဝင့်မာသွင် (မြန်မာ့အလင်း)

မောင်မောင်မြင့်ဆွေ ➢ စုစည်းရေးသားသည်

## ကမ္ဘာ့ကုန်ကျစရိတ် အများဆုံးလေဆိပ်

*ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ကမ္ဘာပေါ်တွင် တည်ဆောက်မှု ကုန်ကျစရိတ်အများဆုံး လေဆိပ်ဖြစ်ပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ကုန်ကျခဲ့သည်။*

*အားကစားခန်းမများ၊ ဟိုတယ်များ၊ ဆိုင်ခန်းများပါရှိပြီး ကမ္ဘာ့အကြီးဆုံး ခရီးသည်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်အောင် တည်ဆောက်ထားသည်။*

*(အောက်ပုံ) (အင်တာနက်)*



## တန်ဖိုးအကြီးဆုံး ချောကလက်သေတ္တာ

*အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ပြုလုပ်ထားသော ချောကလက်သေတ္တာတစ်ခုမှာ အမေရိကန်ဒေါ်လာ ၁၅၀၀၀ တန်ဖိုးရှိသည်။ ချောကလက်အမျိုးအစား များစွာပါဝင်ပြီး ကမ္ဘာ့နိုင်ငံများမှ ချောကလက်ကြိုက်သူများအတွက် အထူးလက်ဆောင်ပေးရာတွင် အသုံးပြုရန် ရည်ရွယ် ပြုလုပ်ထားရာ ကမ္ဘာပေါ်၌ ဈေးအကြီးဆုံး ချောကလက် သေတ္တာဖြစ်သည်။* ***(ဝဲပုံ) (အင်တာနက်)***



# အခြေခံပညာအထက်တန်းကျောင်း ပြည်ခရိုင် သဲကုန်းမြို့နယ်၌ဖွင့်

**နေပြည်တော် ဇူလိုင် ၁၃**

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ဇူလိုင်၁ရက် နံနက်ပိုင်းက ပြည်ခရိုင် သဲကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းပညာရေးမှူးက ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ယင်းနောက် တိုင်းဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သာယာဝတီခရိုင် မင်းလှမြို့နယ် သရက်တစ်ပင်ကျေးရွာအုပ်စု မိုးစပါးထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းဒုတိယဥက္ကဋ္ဌသည် ဇူလိုင် ၂ရက်က သဲတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သစ်ပင်၊ ပျိုးပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်သည်။

ထို့နောက် ပျိုးပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သစ်ပင်၊ ပျိုးပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြို့နယ် သတင်း ထွေတလာ

ဇူလိုင် ၅ရက်က ဖခင်ဦးသာပွဲ၊ မိခင်ဒေါ်ကြင်ကြင်နှင့် မောင်ဖြစ်သူ ဦးလှမြတ်သူ(ကိုညို)တို့အား ရည်စူး၍ သံလွင်လမ်း(ဝင်ဒါမီယာ) ဇဟန်းမြို့နယ်နေ သားသမီး၊ မောင်နှမ၊ မြေးတစ်စုတို့က ဇဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မွန်ပြည်နယ်၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၈နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မွန်ပြည်နယ် ၁၀မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ထူးချွန်အမျိုးသမီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ထူးချွန်အမျိုးသမီး ၁၄၇ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အင်ဂျင်ကွန်ပရက်ဆာ တပ်ဆင်ထားရှိမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း တောင်ကြီးခရိုင်၌ဖွင့်

**တောင်ကြီး ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင်ရှိ မြို့နယ်များတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲများကို ဖွင့်လှစ် ပို့ချလျက်ရှိရာ ဇွန် ၁၉ရက်က ပင်လောင်းမြို့ အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်ပို့ချသည်။

**တက်ရောက်**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်မြင့်က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ရပ်ကွက်၊ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးကြသည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်ပေါင်း ၂၈၅ဦး တက်ရောက်ကြသည်။

ထို့အတူ ဇွန် ၂၀ရက်က ပင်လောင်းမြို့နယ် နောင်တရားမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင် ၂၂၅ဦးအား လည်းကောင်း၊ ဇွန် ၂၀ရက်က ဖယ်ခုံမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင် ၂၈ဦးအား လည်းကောင်း၊ ဇွန် ၂၁ရက်က တောင်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင် ၂၄၅ဦးအားလည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းများ ဖွင့်လှစ်ဆွေးနွေး ပို့ချကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဖျားနီ ဇူလိုင် ၉ရက်က ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ရှေ့ရှိ ဗိုလ်ချုပ်လမ်းနှင့် တနင်္သာရီ လမ်းဆုံ မြောင်းအလု ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မော်လမြိုင်ကျွန်းမြို့နယ်၌ ကျင်းပ

**မော်လမြိုင်ကျွန်း ဇူလိုင် ၂**

မော်လမြိုင်ကျွန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင်၁ရက် နံနက်က မော်လမြိုင်ကျွန်း-ကျိုက်ပိ-ဝဲဒေါင့်ကားလမ်း တစ်လျှောက်နှင့် မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ပြင်စလူ ကားလမ်းတစ်လျှောက်တို့၌ ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေထွေး နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးကျော်ညွန့်နှင့် ဝန်ထမ်းများ၊ ဌာန ဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင်၊ အော်ရီရှားပင်နှင့် ယူကလစ်ပင် စုစုပေါင်း အပင် ၂၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)** (၁၄၂)



# မီးငြှိမ်းသတ်နည်းသရုပ်ပြ

**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးတွင် ဇူလိုင် ၄ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြှိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုပြုလုပ်ရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့တို့က မြို့နယ်မီးသတ် ဦးစီးဌာန တပ်ဖွဲ့ဝင်များနှင့် ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ လက်တွေ့မီးငြှိမ်းသတ်နည်း လေ့ကျင့်ကြစဉ်။**

(မြို့နယ်စည်ပင်)





# ပေါက်တောမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ပေါက်တော ဇူလိုင် ၁၂**

ပေါက်တောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် စုပေါင်းလှူဒါန်းပွဲ၊ အသက် (၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ထူးချွန်ဆုနှင့် အားကစား ထူးချွန်ဆုပေးပွဲများကို ဇူလိုင် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ဧည့ဝတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်လိုသူများ၊ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

# သိမ်းဆည်းရမိ ရွှေ၊ ငွေ ပစ္စည်းများအား ပြန်လည်ပေးအပ်

**ကလော ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ရွှေမင်းဘုန်းကျေးရွာအုပ်စု ပင်မုန်းကျေးရွာနေ ဦးမောင်ဝင်း ပိုင်ဆိုင်သည့် ရွှေ၊ ငွေ တန်ဖိုးငွေကျပ် ၁၅၇၇၀၀၀၀ ခိုးယူခံရခြင်းနှင့် ပတ်သက်၍ ကလောရဲစခန်းမှ အရေးယူစုံစမ်းဆောင်ရွက်ခဲ့ရာ တရားခံများအား သက်သေခံပစ္စည်း ရွှေ၊ ငွေ စုစုပေါင်း ကျပ် ၉၈၀၀၀၀၀ ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ရွှေ၊ ငွေပစ္စည်းများ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂၉ရက်က ကလောရဲစခန်း ဓမ္မာရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ ကလောမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးခိုင်၊ စခန်းမှူး ရဲအုပ်ထိန်လင်းမောင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ကလောမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်စခန်းမှူးတို့က သိမ်းဆည်းရမိ ရွှေ၊ ငွေ ပစ္စည်းများကို ပစ္စည်းပိုင်ရှင် ဦးမောင်ဝင်းထံသို့ ပြန်လည်ပေးအပ်ခဲ့သည်။**(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# ကျေးရွာပိုင် သစ်မာစိုက်ခင်း စိုက်ပျိုးထိန်းသိမ်းရေး ကျောက်မဲမြို့နယ်၌ တာဝန်ပေးအပ်

**ကျောက်မဲ ဇူလိုင် ၁၂**

ကျောက်မဲမြို့နယ် သစ်တောဦးစီးဌာနက ကျေးလက်အိမ်ရာ ထူထောင်ရေးအတွက် ၂၀၁၀ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀နှင့် ကျေးရွာတစ်ရွာလျှင် ကျေးရွာပိုင် သစ်မာစိုက်ခင်းတစ်ဧက စိုက်ပျိုးထိန်းသိမ်းသွားရန် တာဝန်ပေးအပ်ပွဲကို ဇွန် ၁၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းအောင်က ရပ်ကွက်၊ကျေးရွာပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဥက္ကဋ္ဌများအား လုပ်ငန်းတာဝန်များ ပေးအပ်သည်။

အဆိုပါတစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင်အပင် ၂၀နှင့် ကျေးရွာပိုင်သစ်မာစိုက်ခင်းတစ်ဧကတို့ကို မြို့ပေါ်ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စုများက ဆက်လက်စိုက်ပျိုးထိန်းသိမ်းသွားမည်ဖြစ်သည်။ **(သစ်တော)**

**နိုင်ငံတစ်ဝန်း သစ်တော စွမ်းဖြင့် စိမ်းလန်းစေရမည်**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

# အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လျန်မြို့နှင့် ချင်းတောင်မြို့များသို့ ချစ်ကြည်ရေးခရီးသွားရောက်၍ စက်ရုံ၊ အလုပ်ရုံများ ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လျောင်နင်ပြည်နယ် တာ့လျန်မြို့သို့ ဆက်လက်ထွက်ခွာရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၇ရက် နံနက် ၈နာရီ ၅၅မိနစ်တွင် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၁၁နာရီတွင် လျောင်နင်ပြည်နယ် တာ့လျန်မြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ တာ့လျန်မီးရထားစက်ခေါင်းထုတ်လုပ်ရေးစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)